ကြေးမုံ
The Mirror

၁၃၆၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (16-4-2008) (၅၆၅၀)

● အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နှစ်ဦးကာလ ပြုကြကုသိုလ်

နှစ်ဟောင်းသည်ချုပ်ငြိမ်း၍ နှစ်သစ်သို့ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်။ လူမျိုးတိုင်းသည် နှစ်သစ်ကာလ အခါသမယမှစ၍ နလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့စွာ နေလိုကြသည်။ ယခုဘဝတွင်သာမက ဘဝတိုင်း ဘဝတိုင်း ချမ်းမြေ့ကြည်လင် အေးချမ်းပျော်ရွှင်စွာ နေလိုကြသူများချည်းပင်ဖြစ်သည်။ ထိုသို့ နေထိုင်ကြရန်အတွက် ဆုတောင်းပတ္ထနာပြုနေကြရုံဖြင့် မရချေ။ ယခုပစ္စုပ္ပန်ကာလတွင်ပင် ကောင်းသောအမှုတို့ကို ပြုကြရမည် ဖြစ်သည်။ ကောင်းသော ဝစီကံမှု၊ ကောင်းသောမနောကံမှု၊ ကောင်းသော ကာယကံမှုတို့ကို ပြုကြရမည် ဖြစ်သည်။

သို့မှသာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့၌ ကောင်းကျိုးချမ်းသာများ ခံစား၊ စံစားကြရမည်ဖြစ်သည်။ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ်အခါက ပြုအပ်သော ကောင်းမှုကုသိုလ်နှင့် စပ်လျဉ်းသည့် ယမကဝဂ် သုမနဒေဝီဝတ္ထုတွင် -

ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

တပ်မတော်အစိုးရတာဝန်ယူခဲ့သော ကာလအတွင်း ပေ ၁၈၀နှင့် အထက် ၂၃၃စင်းမြောက် တံတားကြီးဖြစ်သည့် ဧရာဝတီတံတား (ရတနာပုံ)ကို မိမိနိုင်ငံသား ပညာရှင်များစွမ်းအားဖြင့် ဂုဏ်ယူဝင့်ကြွားဖွယ် တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းက မန္တလေးတိုင်း အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ခဝါတော်ရပ်နှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ တကောင်းရပ်အကြား ဆက်သွယ်တည်ဆောက်ထားသည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ရတနာပုံ) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် မန္တလေးဘက်ကမ်း တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်အားပေး ချီးမြှင့်သည်။

အဆိုပါ ဧရာဝတီတံတား (ရတနာပုံ)ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာန

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်တမ်းဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဧရာဝတီတံတား(ရတနာပုံ) ဖွင့်ပွဲတွင် မှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
(၁၆-၄-၂၀၀၈)
ဗုဒ္ဓဟူးနေ့

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု ရောဝတီတံတား (ရတနာပုံ) ဖွင့်လှစ်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူပြုသည်။ ထို့ပြင် ကူးလူးဆက်သွယ်သွားလာကြခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ကူညီရိုင်းပင်းမှုကို တိုးပွားစေသည်။ ထို့ကြောင့် နိုင်ငံတော်က နိုင်ငံအနှံ့ လမ်း၊ တံတားများကို ကွန်ရက်သဖွယ် လက်ယှက်ထိုးအကောင်အထည်ဖော် တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ယခုတစ်ဖန် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းကို အဓိကထား ဆက်သွယ်ပေးသည့် ရောဝတီတံတား (ရတနာပုံ)ကို ဧပြီလ ၁၁ရက်နေ့က ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။

ရောဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ရောဝတီတံတား (ရတနာပုံ)သည် မန္တလေးတိုင်း၊ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ခဝါတော်ရပ်နှင့် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ တကောင်းရပ်အကြား ဆက်သွယ်တည်ဆောက်ထားသော အရှည် ၅၆၁၄ပေရှိ တံတားကြီးတစ်စင်းဖြစ်သည်။

ရတနာပုံတံတားကြီး တည်ဆောက်ထားသည့် နေရာသည် နိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ ပြည်နယ်နှင့် တိုင်းဒေသအသီးသီး၏ ဆက်သွယ်ဆက်ဆံရေးတွင် မဟာဗျူဟာမြောက် အဓိကဆက်ကြောင်းနေရာဖြစ်သည်။

ရောဝတီတံတား (ရတနာပုံ)သည် နိုင်ငံ၏ စီးပွားကုန်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဓိကဖြစ်တည်ရာ အချက်အချာနေရာတွင်တည်ရှိသဖြင့် ဒေသ၏စီးပွားရေးကိုသာမက နိုင်ငံ၏စီးပွားရေးကိုပါ အထောက်အကူပြု ပေါင်းကူးဆက်သွယ်ပေးသည့် တံတားကြီးတစ်စင်း ဖြစ်သည်။

နိုင်ငံတော်အစိုးရက လမ်းများ၊ တံတားများကို ရည်မှန်းချက်ထားပြီး တည်ဆောက်ပေးခဲ့ရာ ယခုအခါ ပေ ၁၈၀နှင့်အထက် တံတားကြီး ၂၃၃စင်း တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည်။ ရတနာပုံတံတားသည် မန္တလေးတိုင်းအတွင်း ၁၀စင်းမြောက် တံတားလည်းဖြစ်သည်။

သို့ဖြစ်ရာ ဒေသနှင့် နိုင်ငံတော် အကျိုးပြုသည့် တန်ဖိုးမဖြတ်နိုင်သော ရောဝတီတံတား (ရတနာပုံ) ရေရှည်ခိုင်ခံ့တည်တံ့ရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် သွားကြရမည် ဖြစ်ပါသည်။ ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်း တန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်းနေ မိခင်ကြီးဒေါ်စန်း၊ ဦးမြလှိုင်၊ ဒေါ်စန်းရီ မိသားစုအား ဦးထိပ်ထား၍ ဦးဝင်းစိုးထွန်း၊ ဒေါ်ရွှေအိ၊ သားကြီးမောင်ဉာဏ်ထွန်း၊ သားငယ် မောင်ဝေယံဝင်းလင်း မိသားစုက ငွေကျပ် ၁၂၁၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ရွှေမန်းဦးသောဘိတ နှစ်ဦးဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/တောင်၊ ၁၁ ရပ်ကွက် ကန်ဦးကျောင်းတိုက် ပဓာန နာယက ဓမ္မကထိက ရွှေမန်းဦးသောဘိတသည် သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာ နှစ်ဦးဓမ္မသဘင်၌ မဟာသင်္ကြန် နှစ်ဆန်းတစ်ရက် ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာကျင်းပ

နေပြည်တော် ဧပြီ ၁၅

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၉ရက် နံနက်ပိုင်းနာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါ စေတီတော်မြတ်ကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုတို့က တောင်ဘက်စောင်းတန်းတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တောင်ဘက်စောင်းတန်းတော်ကြီး၏ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်တော်ရှိ အောင်ဓမ္မာရုံကြီး၌ ဆက်လက်ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေးသာသနာပြုမင်းအဆက်ဆက်နည်းတူ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို နေရောင်လရောင်ပမာ ပိုမိုထွန်းလင်းတောက်ပ အဓွန့်ရှည်တည်တံ့ပြန့်ပွားရေး အတွက် ဘုရား၊ စေတီ၊ ကျောင်းကန်များ အသစ်တစ်ဖန်တည်ထားကိုးကွယ် ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ အပါအဝင် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် အဘက်ဘက်က ပံ့ပိုးချီးမြှောက် ထောက်ပံ့လျက်ရှိသည်။

ယခုဖွင့်လှစ်လိုက်သည့် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီးသည် အလျား ၁၅၅ ပေနှင့် အနံ ၁၄ပေ ရှိပြီး သဒ္ဓါကြည်လင်စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၂၀ဖြစ်ကြောင်း သိရသည်။

အဆိုပါ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ဘုရားဖူးလာပြည်သူများသည် နေပူဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကင်းစွာ အရိပ်အာဝါသ အပြည့်ဖြင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

သမီးဒေါ်တင်တင်ဝင်း (LL.B၊ ဌာနခွဲမှူး၊ ထုတ်လုပ်ရေးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)အားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ဘောက်ထော် ပြည်သာယာရိပ်သာ၊ မာလာမြိုင်လမ်းနေ မိခင်ဒေါ်ခင်ရင်မြက ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်၇၂၀၀၀၀တန်ဖိုးရှိ လူနာသုံးခေါက်ခုတင်နှင့် လမ်းလျှောက်အကူ ချိုင်းထောက်တို့အားလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ကွယ်လွန်သူဖခင်ကြီးဦးမြင့်(ကရဝိက်သင်္ဘောတိုက်)(၈)နှစ်ပြည့်အားရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းနေ မိခင်ကြီးဒေါ်လှမြင့်နှင့် သားသမီးမြေးမြစ်မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၄-၂၀၀၈(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ မြန်မာသင်္ကြန်
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၆။ မြန်မာသင်္ကြန်
- ၅:၂၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့ နိုင်ငံ
- ၅:၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မြန်မာသင်္ကြန်
- ၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် "ငါးကလေးရဲ့ စွန့်စားခန်း" **အပိုင်း(၃၉)**
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ပျော်ရွှင်ပါစေ (အပိုင်း-၁၃)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အဖြူရောင်မြွေမင်းသမီး (အပိုင်း-၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဝ ရှေ့ဖုံးမှ

“ပုညံ မေ ကတန္တိ” နန္ဒတိ၊
ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။

ဟူသည့် ဂါထာတော်ကို ဟောတော်မူခဲ့လေသည်။ ထိုဂါထာ၏ အနက်အဓိပ္ပာယ်မှာ-

“ပြုအပ်ပြီးသော ကောင်းမှုရှိသောသူသည် ဤလောက၌ နှစ်သက်ရွှင်လန်း စံမြန်းရ၏။ ထိုမျှမက တမလွန်လောက နောက်ဘဝ၌လည်း နှစ်သက်ရွှင်လန်း စံမြန်းရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ နှစ်သက်ရွှင်လန်း စံမြန်းရ၏။ ထို့ကြောင့် ငါသည် နှလုံးဖြူစင် ကြည်လင်စေမှု ကုသိုလ်ကောင်းမှုကို ဆည်းပူးမိလေသည်တကားဟု နှစ်သက်ပျော်ရွှင်ရ၏။ သုဂတိဘဝသို့လားရမူကား သာ၍ပင် လွန်စွာနှစ်သက်ရွှင်လန်း ဝမ်းမြောက်ရလေသတည်း”ဟူ၍ ဖြစ်သည်။

နှစ်သစ်ကူးသကြ်ာန် အခါကာလတွင် မကောင်းမှု အကုသိုလ်များကိုပယ်၍ ကောင်းမှုကုသိုလ်များကို အထူးပြုလုပ်ကြကာ နှစ်သစ်ဦးမှစ၍ ဘဝတစ်သက်တာ ကာလပတ်လုံး ကိုယ်စိတ်နှလုံး ချမ်းသာအေးမြဖွယ်ရာကို ရှာကြံကြရမည်ဖြစ်ပါသည်။ ကိုယ်စိတ်ချမ်းသာမှုကို ရရှိခံစားလိုသူတို့သည် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသည့်-

သုစိကမ္မဿ - စင်ကြယ်သောအမှုရှိသော

သညတဿ - ကိုယ်နှုတ်နှလုံးသုံးပါးစလုံးကို စောင့်စည်းလေ့ရှိသော

အပ္ပမတ္တဿ - ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော စသည့် ကောင်းမြတ်သည့် အကျင့်တရားများ၊ ကုသိုလ်တရားများကို လိုက်နာကျင့်ကြံစောင့်ထိန်းခြင်းဖြင့် နွားခြေရာနောက်သို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့ ကောင်းမှုပြုသူ၏နောက်သို့ ကုသိုလ်အရိပ်သည် ထက်ကြပ်မကွာ လိုက်ပါလာမည်ဖြစ်သည်။ စည်းစိမ်ဥစ္စာချမ်းသာခြင်း အဖြာဖြာတို့သည် တစ်နေ့တခြား ထူးထူးခြားခြား ဖြစ်ပေါ်တိုးပွားလာမည်ဖြစ်သည်။

ဤတရားများ မိမိတို့၏ သန္တာန်၌ ဖြစ်ပေါ်စေရန်အတွက် စင်ကြယ်သည့်အမှုရှိသော ကောင်းမှုကုသိုလ်တို့ကို ယခုနှစ်သစ်မှစ၍ မမေ့မလျော့ ကျင့်ကြံပွားများကြပြီး မစင်ကြယ်သော အကုသိုလ်အမှုတို့ မဝင်ရောက်နိုင်ရန်အတွက် ဖြူစင်သည့် ကိုယ်၊နှုတ်၊နှလုံးသုံးပါးတို့ဖြင့် မမေ့မလျော့ စောင့်ထိန်းကြရန်ဖြစ်သည်။ မကောင်းမှုမပြုလုပ်မိစေရန် ကိုယ်၊နှုတ်၊နှလုံးသုံးပါးစလုံးကို မမေ့မလျော့သော သတိဖြင့် စောင့်စည်းခြင်းသည် စင်ကြယ်သောသီလကို ဆောက်တည်ခြင်းမည်ပါသည်။ ထိုသို့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို မမေ့မလျော့ စောင့်ထိန်းခြင်းဖြင့် နောင်တတစ်ဖန် ပူပန်ရသည့် စိတ်ဆင်းရဲမှုကင်းစင်ဝေးပ၍ ငြိမ်းအေးသာယာ ချမ်းမြေ့သောစိတ်ဖြင့် နေနိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းကို ရရှိခံစားလိုသူတို့သည် ဤနှစ်ဟောင်းမှ နှစ်သစ်အကူး၊ နှစ်သစ်ဦးသကြ်ာန်ကာလတွင် မင်္ဂလာအပေါင်းနှင့် ခညောင်းစေပြီး နှစ်သစ် တစ်နှစ်ပတ်လုံး တိုးတက်အောင်မြင်ကြစေရန် အပ္ပမာဒ မမေ့သောအသိသတိဖြင့် မကောင်းမှုတို့ကို ကိုယ်နှုတ်နှလုံးသုံးပါးစလုံး မပြုလုပ်မိကြစေဘဲ ကောင်းမှုတို့ကိုသာ မမေ့မလျော့ ပွားများ အားထုတ်ကြခြင်းဖြင့် မင်္ဂလာရှိသောနှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာချမ်းမြေ့စရာ မလွဲဧကန် အမှန်ဖြစ်မည် ဖြစ်ပေသည်။ ။

သောမန

အမြတ်တရား(၄)ပါး

ကျန်းမာခြင်းသည် မြတ်သော လာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သော ဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သော ချမ်းသာဖြစ်သည်။

(ဓမ္မပဒ ၂၀၄)

သီတဂူကြယ်တစ်ပွင့် နှစ်ဦးဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၅

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်နှင့် သဃ်န်းကျွန်း (ယ) ရပ်ကွက် လုပ်သားလမ်း သံသုမာလမ်းမကြီး ဇေယျာရွှေပြည် ကျောင်းတိုက် ဆရာတော် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)သည် ဧပြီ ၁၈၊၁၉ရက် ညများ၌ မကွေးမြို့၊ ၂၀ ရက်ည၌ သလ္လာဝတီ (၆)လမ်း ၁၀/တောင်ရပ်သာကေတ၊ ၂၂ရက်ည၌ ၁၄ရပ်ကွက် ပင်လုံဈေး လှိုင်သာယာ၊ ၂၃ရက်ည၌ ဇေယျ ဝတီကျောင်း ဒလမြို့၊ ၂၄၊၂၅၊၂၆ ရက် ညများ၌ မလွန်ရွာ အထက် မင်းလှမြို့၊ ၂၇ရက်ည၌ မင်းဘူးမြို့၊ ၂၈၊၂၉ရက်ည၌ ချောက်မြို့၊ ၃၀ရက်ည၌ ထနောင်းတောရွာ မုံရွာမြို့၊ မေ ၁ရက်ည၌ နတ်ကြီးချွန်းရွာ မုံရွာမြို့၊ မေ ၂ရက်ည၌ သရက်သာရွာ မြောင်မြို့၊ ၃၊၄ရက် ညများ၌ အောင်မင်္ဂလာ (၁)လမ်း မုံရွာမြို့၊ ၆ရက်ည၌ ဗိသုကာ နာရေးကူညီမှု ၆၀×၆၂ ကြား အင်းခရု မန္တလေးဓမ္မသဘင်များ၌တရားတော်များဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မျိုးအား ယင်းဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တိုးမြှင့်၍တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၁၉ လမ်းမိသားစု VALIANT အတာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်မြို့ လသာမြို့နယ်(၁၉) လမ်းမိသားစု VALIANT အတာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးကျော်နိုင်ဦး၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ Myanmar Towards Co., Ltd နာယက အဂ္ဂမဟာ သီရိသုဓမ္မသီဂီဒေါ်နီနီတို့ကဖဲကြိုးဖြတ်၍ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

ပျော်ရွှင်စွာရေကစား

ဖွင့်ပွဲအပြီးတွင် ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီးအတာသင်္ကြန်ရေသဘင်ပွဲတော်တွင် ပျော်ရွှင်စွာ ရေကစားကြသည်။ (ဝဲပုံ)

အတာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့(ဧပြီ ၁၂)ရက်မှသင်္ကြန်အတက်နေ့ (ဧပြီ၁၆ရက်)အထိ VALIANT (၁၉)လမ်းမိသားစုက အတာသင်္ကြန်ရေကစားမဏ္ဍပ်တွင် စတုဒိသာ ကျွေးမွေးလှူဒါန်းပြီး ရုပ်ရှင်၊ ဂီတနှင့် အနုပညာရှင်များမှသီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မဟာသင်္ကြန် ဒုတိယအကြတ်နေ့ကပုဇွန်တောင်မြို့နယ်ရေကျော်လမ်းမရှိ စိန်ဘယက် ရေကစားမဏ္ဍပ်တွင်ပျော်ရွှင်ချမ်းမြေ့စွာအတာရေကစားကြစဉ်။ (ကြေးမုံ)

နှစ်ဦးဆုမွန်

✧ ရွက်သစ်ပြောင်း၊ ဟောင်းရွက်ကြွေ
လေပွေမြူး၊ ဖူးပုရစ်
သစ်နုဝေ၊ နွေဥသြ
နှောသံချို၊ ဆိုတေးသီ။

✧ မိန်တန်ခူး၊ ဖူးပွင့်ဝေ
ရွှေရည်ဆမ်း၊ ပန်းပိတောက်
ရောက်ခဲ့ပြီ၊ ကြည်ပျော်ရွှင်။

✧ ပိတောက်ပန်း၊ ကမ်းလက်ဆောင်
အောင်နိမိတ်၊ စိတ်ရွှင်လန်း
ဖျန်းရေစင်၊ ဆင်ယင်နွဲ
ပွဲရိုးရာ၊ တာသဘင်။

✧ မြတ်ဓလေ့၊ မွေ့ကြည်ဖြူ
လှူရေစက်၊ လက်မကွာ
ဒါနစွဲ၊ မြဲသီလ
တမျှော်မှန်း၊ ကမ်းနိဗ္ဗာန်
ထံရွယ်စူး၊ ဦးခိုက်ရည်။

✧ ဟောင်းအညစ်၊ ပစ်စွန့်ခွာ
ခါနှစ်ဦး၊ ထူးသည့်ချိန်
သိန်သရေ၊ နေသို့လင်း
ဝင်းစေကြောင်း၊ တောင်းဆုခြွေ။

မောင်မောင်မိုးအောင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့) (မဟာသင်္ကြန်အတက်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၈း၃၀ ၄။ International News.
- ၉း၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
- ၄း၅၅ ၃။ ခါသင်္ကြန်အဆိုအကများ
- ၆း၀၀ ၄။ ညနေခင်းသတင်း
- ၆း၁၀ ၅။ မိုးလေဝသအခြေအနေ
- ၇း၂၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၇း၃၅ ၇။ “စိတ်အားထက်သန်ဆန္ဒအမှန်”
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ “သပြေကုန်းမှ ရွှေအပြုံးများ”
- ၁၂။ မြန်မာဗီဒီယိုဇာတ်လမ်း “၅၂၈ နှောင်ကြိုး” (အပိုင်း-၂) (နိုင်းနိုင်း၊ မေသန်းနု၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-မောင်မောင်ဦး(စန္နီးပိုက်)]
- ၁၃။ အစီအစဉ်ပြီး၏။

● အခြေခံဥပဒေ အတည်ပြုဖို့
မဲရုံသွား၍ မဲပေးစို့။

● ဘယ်သူခွဲခွဲ ဒို့မကွဲ
ပေးကြပါစို့ ထောက်ခံမဲ။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြန်လည်ပြေးဆွဲသည့် ချစ်ကြည်ရေးရထားကို ဧပြီ ၁၄ရက်က အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးရထား နှစ် ၄၀ကျော် ကြာပြီးနောက် ပြန်လည်ပြေးဆွဲ

ကိုလ်ကတ္တား ဧပြီ ၁၄

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့နှင့် ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာတို့သို့ ဆက်သွယ်ထားသော ရထားလမ်းပေါ်တွင် ရထားမပြေးသည်မှာ နှစ်ပေါင်း ၄၀ကျော် ကြာပြီးနောက် ယခုအခါ လူစီးရထား ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

ထိုရထားလမ်းသည် ၁၉၆၅ခုနှစ်မှစ၍ ပြေးဆွဲမှု ရပ်ဆိုင်းသွားခဲ့သည်။ ထိုနှစ်သည်အိန္ဒိယနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့ စစ်ပွဲစတင်ဖြစ်ပွားသည့်နှစ်ဖြစ်သည်။

၂၀၀၁ခုနှစ်တွင်မှ ဒါကာနှင့် ကိုလ်ကတ္တားရထားကို ပြန်လည်ပြေးဆွဲရန် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့ သဘောတူညီမှုရခဲ့သည်။ ထိုရထားကို ချစ်ကြည်ရေး ရထားအဖြစ် အမည်သညာ ပြုထားခဲ့သည်။

ထိုရထားလမ်းဖွင့်ပွဲကို၂၀၀၈ ခုနှစ်ဧပြီ၁၄ရက်ဘင်္ဂါလီနှစ်သစ်ကူးနေ့တွင် စတင်ပြေးဆွဲသည်။ ရထားတစ်စင်းမှာ ဒါကာမှ ကိုလ်ကတ္တားသို့ ထွက်ခွာပြီး အခြားရထားတစ်စင်းမှာ ကိုလ်ကတ္တားမှ ဒါကာသို့ ပြေးဆွဲသည်။ ယင်းရထားလမ်းသည် အရှည်မိုင် ၃၁၀ ရှိသည်။

ကိုလ်ကတ္တားမှ ဒါကာသို့ ပြေးဆွဲသောရထားသည် ခရီးသည် ၃၆၀ကို တင်ဆောင်နိုင်သော်လည်း ထိုရထားပေါ်တွင် ခရီးသည် ၆၅ဦးသာ လိုက်ပါလာသည်။ ထိုခရီးသည်များမှာ နိုင်ငံရေးဘက်ဆိုင်ရာများနှင့် သတင်းထောက်များမှာ အများစုဖြစ်သည်။

တစ်ကြောင်းသွား ရထားအတွက် ရထားလက်မှတ်ခမှာ အမေရိကန်ဒေါ်လာ ၈ ဒေါ်လာနှင့် ညီမျှသောငွေကြေးဖြစ်သည်။ ထိုရထားကို အိန္ဒိယ နိုင်ငံသားများ အသုံးပြုသည်ထက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများက ပိုမိုအသုံးပြုကြဖွယ်ရှိသည်ဟုဆိုသည်။ နယ်စပ်တွင် နေထိုင်ကြသော လူများသည် ဘာသာစကားတစ်ခုတည်းကို အသုံးပြုကြသည်။ နှစ်ဖက်နယ်စပ်တွင် ဆွေမျိုးသားချင်းများလည်း နေထိုင်ကြသည်။

ရထားပေါ်မှ ခရီးသည်တစ်ဦးက ၎င်းသည် ခြောက်နှစ်သားအရွယ်ကပင် စစ်ဒဏ်ကြောင့် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း၊ နှစ်ပေါင်း ၆၀ကျော်ကြာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်ခွင့်ရမည်ဖြစ်၍ ဝမ်းသာကြည်နူးကြောင်း စိတ်လှုပ်ရှားစွာဖြင့် ပြောကြားခဲ့သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အစ္စရေးဝန်ကြီးချုပ်နှင့် ပါလက်စတိုင်းသမ္မတတို့ ဂျေရုဆလင်တွင်တွေ့ဆုံ၍ ငြိမ်းချမ်းရေးကိစ္စဆွေးနွေး

ဂျေရုဆလင် ဧပြီ ၁၄

အစ္စရေးနိုင်ငံဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့သည် ဧပြီ ၁၃ ရက်က ဂျေရုဆလင်မြို့တွင် သီတင်းတစ်ပတ်အတွင်း ဒုတိယအကြိမ် တွေ့ဆုံခဲ့သည်။

အာဘတ်စ်အနေဖြင့် အမေရိကန်နိုင်ငံ ဝါရှင်တန်သို့ မသွားမီ ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံကြခြင်းဖြစ်သည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်တွင် ပါရှိရမည့် အချက်အလက်များနှင့် ပတ်သက်၍ တစ်နာရီကျော်ကြာမျှ သီးသန့်ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ယင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ်ရုံးမှ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိပေ။ အထက်ပါ ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရရှိလာသော အချက်အလက်များကို အာဘတ်စ်သည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ ဘုရှ်နှင့် တွေ့ဆုံသောအခါတင်ပြညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရေဒီယော့ခ်အာရိုနော့သတင်းစာ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အိမ်ဖြူတော်အနေဖြင့် အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်စလုံးကို ငြိမ်းချမ်းရေးကိစ္စမြန်ဆန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဖိအားပေးလျက်ရှိသည်။ အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် အင်နာပိုလစ်တွင် နှစ်နိုင်ငံတို့ သဘောတူညီခဲ့ကြသော ဆွေးနွေးချက်အရ၂၀၀၈ ခုနှစ်အကုန်တွင် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုနိုင်စေရန် နှစ်ဖက်စလုံးက လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

အင်တာနက်။

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်တို့ ဂျေရုဆလင်မြို့၌ ဧပြီ ၁၃ရက်က တွေ့ဆုံကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၍ ၁၂ဦးသေဆုံး ၁၀၀ကျော်ဒဏ်ရာရ

တီဟီရန် ဧပြီ ၁၄

အီရန်နိုင်ငံတောင်ပိုင်း ရှီရပ်စ်မြို့တွင်ဧပြီ၁၂ရက်ညပိုင်းက အဆောက်အအုံတစ်ခုအတွင်း ပြင်းထန်သော ဗုံးတစ်လုံး ပေါက်ကွဲရာ ၁၂ဦးသေဆုံး၍၁၀၀ကျော်ဒဏ်ရာရရှိသွားကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

ယင်းပေါက်ကွဲမှုကြောင့်ဆိုင်အများအပြားနှင့် အဆောက်အအုံ အများအပြားရှိပြတင်းမှန်များကွဲကုန်သည်။ ပေါက်ကွဲမှုဖြစ်ပွားရာနေရာရှိဒုက္ခသည်များကို ကူညီပေးရန် မီးသတ်နှင့် သူနာပြုယာဉ်များသည်အလျင်အမြန်သွားရောက်ခဲ့ကြသည်။ ဒဏ်ရာရသူများ များပြားသည့်အတွက် ဆေးရုံ၌ လူနာများဖြင့် ပြည့်သွားခဲ့သည်။

အခင်းဖြစ်ပွားချိန်၌ အဆိုပါအဆောက်အအုံအတွင်း ပရိသတ် ၈၀၀ခန့် ရှိနေသည်ဟု မျက်မြင်တွေ့ရှိသူများကပြောကြားသည်။ဒဏ်ရာရရှိသူများ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာရှိသည်။အာဏာပိုင်များကဒဏ်ရာရရှိသူများကို ဆွေမျိုးသားချင်းများအနေဖြင့်စုံစမ်းမေးမြန်းလိုလျှင်အလွယ်တကူ မေးမြန်းနိုင်ရန် အရေးပေါ်ဖုန်းလိုင်းတစ်ခု စီစဉ်ပေးထားသည်။

လောလောဆယ်တွင်ယင်းပေါက်ကွဲမှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ လက်သည်တရားခံကို ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အင်တာနက်။

ဖိလစ်ပိုင်တွင် ဗုံးနှစ်လုံးပေါက်ကွဲ

မနီလာ ဧပြီ ၁၄

ဖိလစ်ပိုင်နိုင်ငံရှိ လူအများ အသုံးပြုရာ အဆောက်အအုံတစ်ခုနှင့် နိုင်ငံတောင်ပိုင်းရှိ ဘဏ်တစ်ခုတို့တွင်ဧပြီ ၁၃ ရက်က ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့သော်လည်းအထိအခိုက်တစ်စုံတစ်ရာ မရှိကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာမှ သတင်းအရသိရသည်။

ဇမ်ဘိုအမ်ဂါမြို့တွင် အရုဏ်တက်ချိန်၌ ပထမ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်ဟု ဒေသဆိုင်ရာ အကြီးအကဲ ဂျာမီကရင်ကာက ပြောကြားသည်။ ထိုပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များကို အမြင့်ဆုံး တပ်လှန့်ထားကြောင်း သိရသည်။

အဘူဆေယက်ဖ်အဖွဲ့သည် ငွေခြိမ်းခြောက်ငွေ တောင်းခြင်း၊ ပြန်ပေးဆွဲခြင်း၊ ခေါင်းဖြတ်သတ်ခြင်းနှင့် ဗုံးထောင်ခြင်းများကျူးလွန်သည့်အတွက် ဥရောပနိုင်ငံများနှင့် အမေရိကန်တို့က ယင်းအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည်။

ပထမပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၁၅မိနစ်ခန့်အကြာတွင် မြို့တွင်းဘဏ်တစ်ခုအနီး၌ ဒုတိယဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားကြောင်း ကာရင်ဂါက ဆက်လက်ပြောကြားသည်။ ထိုဖောက်ခွဲမှုများသည်အဘူဆေယက်ဖ်အဖွဲ့သို့မဟုတ်ဂျမားအစ္စလာမ္မီယားအဖွဲ့ဝင်များ၏လက်ချက်ဖြစ်မည်ဟုရဲတပ်ဖွဲ့ကယူဆထားသည်။

အင်တာနက်။

ထိုင်းဆောင်ခရမ်းသင်္ကြန်ပွဲ မတော်တဆမှုကြောင့် သုံးရက်အတွင်း သေဆုံးသူ ၁၇၀ရှိ

ဗန်ကောက် ဧပြီ ၁၄

ထိုင်းနိုင်ငံရိုးရာဆောင်ခရမ်းသင်္ကြန်ပွဲတော်၏ တတိယနေ့ တနင်္ဂနွေနေ့၌ လမ်းပေါ်မှ မတော်တဆမှုများကြောင့် သေဆုံးသူ ၇၆ ဦးရှိပြီး ၁၁၀၃ဦး ဒဏ်ရာရရှိကြောင်း လမ်းအန္တရာယ်ကင်းရှင်းရေး ဗဟိုဌာနက တနင်္လာနေ့တွင် ကြေညာသည်။

တရားရေးဝန်ကြီးဌာနအတွင်းရေးမှူးလည်းဖြစ်သူ ဂျာရဲလ်ဖတ်ဒီနာကော်လ်၏ပြောကြားချက်ကို ကိုးကား၍ ဒီနေရှင်းသတင်းဌာနက ဖော်ပြလိုက်ခြင်းဖြစ်သည်။

ပွဲတော်၏ ပထမသုံးရက်အတွင်းတွင် မတော်တဆမှုပေါင်း ၂၂၃၈ ကြိမ်ရှိပြီး သေဆုံးသူ စုစုပေါင်း ၁၈၀ ရှိကာ ဒဏ်ရာရရှိသူပေါင်း ၂၅၁၄ ရှိကြောင်း အဆိုပါအရာရှိက ပြောသည်။ **အမ်အင်အေ၊ရိုက်တာ။**

အီရတ်စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ၁၃၀၀ကျော် အမိန့်မနာခံသဖြင့် တာဝန်မှရပ်စဲ

ဘဂ္ဂဒက် ဧပြီ ၁၄

မကြာသေးမီအချိန်ကအီရတ်တောင်ပိုင်းဘာဆာရာမြို့တွင်ရှီးယိုက်အနွယ်ဖွား မာဒီလက်နက်ကိုင်တပ်ဖွဲ့များနှင့် အီရတ်စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် အမိန့်ကို ဆန့်ကျင်ကြပြီး ရှောင်တိမ်းနေကြသော စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ၁၃၀၀ ကျော်တို့ကို အာဏာပိုင်များက ဧပြီ ၁၃ ရက်တွင် ရာထူးမှထုတ်ပယ်လိုက်သည်။

အီရတ် ကက်ဘိနက်အဖွဲ့သည် အမေရိကန်ဆန့်ကျင်သူ မော်တာဒါဆာဒါး ခေါင်းဆောင်သည့် နိုင်ငံရေးအဖွဲ့ကို လာမည့်ပြည်နယ်ဆိုင်ရာ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိစေရန် ဥပဒေပြဋ္ဌာန်းပြီး တားမြစ်ပိတ်ပင်လိုက်သည်။ အသစ်ပြဋ္ဌာန်းသောဥပဒေအရလက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းထားသော နိုင်ငံရေးအဖွဲ့အစည်းများကို ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းသိရသည်။

အင်တာနက်။

အီရတ်မြောက်ပိုင်း၌ ဗုံးကွဲ၍ ၁၆ ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဗုံးနှစ်လုံးပေါက်ကွဲသဖြင့် အနည်းဆုံး လူ ၁၆ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

မိုဆူးမြို့အနောက်ပိုင်း ရာဘီယာနယ်မြေအတွင်းတွင် ရပ်ထားသောကားဗုံးပေါက်ကွဲ၍ တပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း နာမည်မဖော်လိုသော ရဲအရာရှိကပြောသည်။ မိုဆူးမြို့၏ အနောက်ဘက် ၇၀ ကီလိုမီတာအကွာရှိ တာလ်အဖာမြို့တွင် ရှီးယိုက်မိသားစု အသုဘအခမ်းအနား၌ အသေခံဗုံးဖောက်ခွဲရာ လေးဦးသေဆုံး ပြီး အနည်းဆုံး လူ ၂၀ ဒဏ်ရရှိကြောင်းအဆိုပါရဲအရာရှိကပင် ထပ်မံပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်ရဲတပ်ဖွဲ့ဝင်များ အိုလံပစ်အားကစားပွဲတော်အတွက် အဓိကရုဏ်းနှိမ်နင်းရေး လေ့ကျင့်နေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ထား

ပေကျင်း ဧပြီ ၁၄

တရုတ်နိုင်ငံတွင် ကျင်းပမည့် အိုလံပစ်ပွဲတော် အေးချမ်းလုံခြုံရေးအတွက် အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဧပြီ ၁၄ရက်၌ ထုတ်ပြန်သည်။

လုံခြုံရေးအစီအစဉ်ကို ဧပြီလမှစ၍ အောက်တိုဘာလအထိ ခုနစ်လတာ တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်လုပ်ရပ်များ မဖြစ်ပေါ်စေရန်စောင့်ရှောက်ခြင်း၊ လျှပ်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများအပြင် ရေနှင့် ဓာတ်ငွေ့ဆိုင်ရာ အဆောက်အအုံများတွင် အဖျက်အမှောင့်လုပ်ငန်းများ မဖြစ်ပွားစေရန် ကာကွယ်ခြင်းများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် အများပြည်သူအပန်းဖြေရာနေရာများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ လုံခြုံရေးကိုပါ တင်းကျပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင်ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ပိုင်းတွင် ဧပြီ ၁၄ရက်က ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်ကို ရည်ရွယ်၍ ထောင်ထားသော လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲရာ ငါးဦးသေဆုံး၍ ကိုးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှလာသော သတင်းကဖော်ပြသည်။

နေ့လယ် ထမင်းစားချိန်တွင်ဖြစ်ပွားသော အဆိုပါ ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်မှာ ပျက်စီးသွားပြီး ရဲတပ်ဖွဲ့ဝင် အများအပြားလည်း ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။

အမေရိကန် လှည့်ကင်းတစ်ခုအနီးတွင် သီးခြားဗုံးဖောက်ခွဲမှုတစ်ခုလည်း နံနက် ၁၀နာရီက ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း၌ ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာကို ချက်ချင်းပိတ်ဆို့ထားလိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များအနက် မည်မျှအထိအခိုက်ရှိသည်ဟူသော အခြေအနေကို မသိရဟု ဆိုသည်။

ထိုပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်ပိုင်း မီးလောင်မှု ဆက်လက်ဖြစ်ပွားရာ လမ်းဘေးဆိုင်ပေါင်း ၂၀ကျော် ပျက်စီးသွားကြောင်းသိရသည်။ အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်အဖွဲ့များ ဆက်လက်ရောက်ရှိလာပြီး ငြိမ်းသတ်ခဲ့ကြသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့တွင် ဧပြီ ၁၅ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ရာ ဒဏ်ရာရရှိသူတစ်ဦးအား လူနာတင်ကားပေါ်သို့ တင်ဆောင်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း အိုလံပစ် အားကစားပွဲကျင်းပမည့် အမျိုးသားအားကစားရုံအား သတင်းထောက်များ ဓာတ်ပုံရိုက်နေသည်ကို ဧပြီ ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာသတင်းများ

ဂါဇာရှိ အဓိကဓာတ်အားပေးစက်ရုံသို့ လောင်စာထောက်ပံ့သည့် ပါလက်စတိုင်းပက်ထရိုကော်ပိုရေးရှင်း၌ လောင်စာပြတ်၍ ဓာတ်အားပို့လွှတ်မှုရပ်မည်

ဂါဇာ ဧပြီ ၁၄

ဂါဇာဒေသရှိ အဓိကဓာတ်အားပေးစက်ရုံသို့ လောင်စာထောက်ပံ့လျက်ရှိသော ပါလက်စတိုင်း ပက်ထရိုကော်ပိုရေးရှင်း(ပီပီစီ)လက်ဝယ်တွင် လောင်စာပြတ်၍ လက်ကျန်မရှိတော့သည့်အတွက် ဧပြီ ၁၅ ရက်မှစ၍ ဓာတ်အားပို့လွှတ်မှုကို ရပ်ဆိုင်းသွားရမည်ဖြစ်ကြောင်း ယင်းကော်ပိုရေးရှင်းအကြီးအကဲက သတိပေးပြောကြားသည်။

နောက် ၂၄ နာရီအတွင်း ဂါဇာဒေသတွင်းသို့ လောင်စာများ ထပ်မံပေးပို့နိုင်ခြင်းမရှိလျှင် ဂါဇာဒေသတွင် နေထိုင်သူများအနေဖြင့် မီးမရရှိသည့်အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ပြောကြား

အဓိကအားဖြင့် ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများတွင် အခက်အခဲတွေ့ရမည်ဖြစ်သည်ဟု ပီပီစီ အကြီးအကဲ မူဂျာဟစ်စာလာမာက ပြောကြားသည်။

ပိတ်ပင်ခဲ့

ဂါဇာကမ်းမြောင်ဒေသကို ဟားမတ်စ်အုပ်စုများက ၂၀၀၇ ခုနှစ် ဇွန်လမှစ၍ ထိန်းချုပ်ထားခဲ့သည်။ သမ္မတ မာမွတ်အာဘတ်စ်၏ လုံခြုံရေးတပ်ဖွဲ့များကို အနောက်ဘက်ကမ်းခြေဒေသသို့ မောင်းထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ အစ္စရေးတို့သည် ဂါဇာဒေသသို့ အဝင်အထွက်လမ်းများကို ပိတ်ပင်ခဲ့သည်။

တိုးမြှင့်ပြုလုပ်

ဂါဇာရှိ ဟားမတ်စ်စစ်သွေးကြွများသည် ဒုံးကျည်များဖြင့် အစ္စရေးနိုင်ငံနယ်မြေအတွင်းသို့ ပစ်ခတ်မှုများ တိုးမြှင့်ပြုလုပ်ခဲ့သည်။

ထိုလုပ်ရပ်ကြောင့် အစ္စရေးတို့သည် ဂါဇာရှိ ဓာတ်အားပေးစက်ရုံ၊ အင်ဂျင်စက်များနှင့် ယာဉ်များအတွက် လောင်စာပေးပို့နေမှုကို ဖြတ်တောက်လျှော့ချခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီ အထွေထွေရွေးကောက်ပွဲတွင် ဗဟိုလက်ယာပါတီခေါင်းဆောင် ဆီလ်ဗီယိုဘာလူစကိုနီ ဧပြီ ၁၃ရက်က မီလန်မြို့၌ မဲထည့်နေစဉ်။

အီတလီ အထွေထွေရွေးကောက်ပွဲတွင် ဘာလူစကိုနီ အနိုင်ရ

ရောမ ဧပြီ ၁၄

အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ရောမမြို့ မြို့တော်ဝန်ဟောင်း ဝေါလ်တာဗယ်လ်ထရိုနီဦးဆောင်သော ဗဟိုလက်ဝဲပါတီသည် ဝန်ကြီးချုပ် နှစ်ကြိမ်ဖြစ်သူ ဆီလ်ဗီယိုဘာလူစကိုနီ၏ ဗဟိုလက်ယာပါတီကို တနင်္လာနေ့က ရှုံးနိမ့်သွားသည်။ တရားဝင်ကြေညာချက် မထွက်ပေါ်သေးသော်လည်း ဘာလူစကိုနီ၏ ပါတီနှင့် မဟာမိတ်များသည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်လုံးတွင် ပြတ်သားစွာဦးဆောင်လျက်ရှိကြောင်း အာအေအိုင်ရုပ်မြင်သံကြားသတင်းဌာနမှ ကြေညာသည်။

အင်ဒီတင်။

ဗီယက်နမ်နှင့် သြစတြေးလျ လေကြောင်းလိုင်း အစုစပ်လုပ်ငန်းဖွဲ့စည်း

ဟိုချီမင်းစီးတီး ဧပြီ ၁၄

ဗီယက်နမ်နိုင်ငံ၏ ပစိဖိတ်လေကြောင်းလိုင်းနှင့် သြစတြေးလျနိုင်ငံ၏ ဂျက်စတား လေကြောင်းလိုင်းတို့သည် ဂျက်စတားပစိဖိတ်လေကြောင်းကို အထောက်အကူပြုရန်အတွက် မဟာဗျူဟာမြောက် အစုစပ်လုပ်ငန်းတစ်ခုကို တနင်္လာနေ့က ဖွဲ့စည်းလိုက်သည်။

လေယာဉ်စရိတ်သက်သာ

အဆိုပါ ဂျက်စတားပစိဖိတ်လေကြောင်းလိုင်းသည် ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး လေယာဉ်စရိတ်သက်သာသော လေကြောင်းလိုင်းဖြစ်သည်။

ဂျက်စတားနှင့် ပစိဖိတ်လေကြောင်းလိုင်းတို့၏ သဘောတူညီချက်အရ ၂၀၁၄ ခုနှစ်ခန့်တွင် ဂျက်စတား ပစိဖိတ်လေကြောင်းလိုင်း၌ အဲဘတ်စ် အေ ၃၂၀ လေယာဉ် ၃၀ ရှိလာမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



ကင်ညာနိုင်ငံတွင် ညွန့်ပေါင်း အစိုးရ ဖွဲ့စည်းရန် သဘောတူညီမှုရ

ဘဲလ်ဂရိတ် ဧပြီ ၁၄

နိုင်ငံရေးအရ အကျပ်အတည်းတွေ့နေသော ကင်ညာနိုင်ငံတွင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရေးအတွက် သဘောတူညီမှုရရှိပြီဖြစ်သည်။

ကင်ညာနိုင်ငံသမ္မတ ကီဘာကီနှင့် အတိုက်အခံ နိုင်ငံရေးအင်အားစုခေါင်းဆောင် ရာလားအိုဒင်ဂါတို့ အကြား အဆိုပါ သဘောတူညီမှုရရှိလိုက်ခြင်းဖြစ်သည်။ ထိုသဘောတူညီမှု ရရှိလိုက်ပြီဖြစ်သည့်အတွက် သုံးလကျော်ကြာ အကျပ်အတည်းဖြစ်နေသော နိုင်ငံရေးအခြေအနေမှာ အဆုံးသတ်သွားပြီဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ရာလားအိုဒင်ဂါသည် အစိုးရသစ်တွင် ဝန်ကြီးချုပ်ရာထူးရရှိမည်ဖြစ်ပြီး ၄င်း၏ အောရင့် ဒီမိုကရက်လှုပ်ရှားမှု ပါတီ(အိုဒီအမ်)မှ အမတ်များသည် အစိုးရအဖွဲ့တွင်ပါ ဝန်ကြီးနေရာ ၄၀ အနက် ထက်ဝက်ကို ရရှိကြမည်ဖြစ်သည်။ ကင်ညာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းမှာ ဒီဇင်ဘာ ၂၇ ရက် အထွေထွေ ရွေးကောက်ပွဲအပြီး စတင်ဖြစ်ပွားလာခြင်းဖြစ်သည်။ လက်ရှိအာဏာရ ကီဘာကီ၏ နေရှင်နယ်ယူနီတီပါတီက အနိုင်ရကြောင်း ကြေညာလိုက်သောအခါ ထိုရလဒ်ကို မကျေနပ်သော အတိုက်အခံ အိုဒီအမ်ပါတီကို ထောက်ခံသူများက ဆန္ဒပြကြရာမှ နိုင်ငံရေးပြဿနာ အကျပ်ဆိုက်လာခြင်းဖြစ်သည်။ ထိုပြဿနာကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ကြားဝင်ဖျန်ဖြေပေးခဲ့သည်။

အင်တာနက်။

ခေတ်အဆက်ဆက် နှစ်သက်ရွှင်လန်းဖွယ် မဟာသင်္ကြန်ပွဲများ

မြင်းခြံ ကျော်အောင်

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီး၏ သက်တမ်းကား နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ပေပြီ။ တကောင်းခေတ်မှ စတင်ခဲ့ပါသည်။

သမိုင်းကြောင်းပြန်ပြောင်းရသော်တကောင်းလွန်မြောက်သရေခေတ္တရာနှင့် ပုဂံခေတ်ရောက်သည့်အခါတွင်လည်း မြန်မာတို့ ရိုးရာမပျက် သင်္ကြန်ပွဲ နွှဲခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၆၁၇ခုနှစ်တွင် နန်းတက်တော်မူသော ဘုရင် နရသီဟပတေ့မင်းလက်ထက် နွေကာလရောက်သောအခါ ရေဖျန်းကစားမြဲဖြစ်သည်။ နန်းတော်မှ မြစ်ဆိပ်အရောက် အရိပ်ကြီးစွာပြုလုပ်ပြီးလျှင် လူမမြင်ရအောင်ကာရံပြီး မြစ်ဆိပ်တွင်လည်း မင်းတဲလုံခြုံစွာ ဆောက်သည်။ မင်းကြီးသည် မောင်းမမိဿံတို့နှင့် ကြွတော်မူ၍ ရေကစားသည်ဟု မှန်နန်းရာဇဝင်တွင် စာတင်ခဲ့သည်။

ပုဂံလွန်မြောက်ပြီး မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝခေတ်အဆက်ဆက်တွင်လည်း မဟာသင်္ကြန်ပွဲနွှဲခဲ့ကြသည်။ ဤတွင် အင်းဝခေတ်မဟာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲပုံမှာ တစ်မျိုးတစ်ဘာသာ နှစ်သက်ရွှင်လန်းဖွယ်ရာ တွေ့ရပြန်ပါသည်။

ခရစ်နှစ် ၁၇၆၁ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ သားတော် ဆင်ဖြူရှင်မင်းတရားသည် နေပြည်တော်ကို ရွှေဘိုမှ အင်းဝသို့ ပြောင်းခဲ့သည်။ အင်းဝမဟာသင်္ကြန်ပွဲနှင့်ပတ်သက်၍

"အင်းဝမြို့တွင် ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ် အကောင်းဆုံးမှာ သင်္ကြန်ပွဲတော်ဖြစ်ပေသည်။ သင်္ကြန်ပွဲ တော်သို့ ဘုရင်နှင့်မိဖုရားတို့သည် ကရဝိက်ဖောင်တော်ကြီးဖြင့် ကြွလာ ပြီး ရေပက်ကစားသည်။ ကရဝိက်ဖောင်ကြီးမှာ ပေ ၃၀အမြင့်ရှိပြီး ရွှေပိန်း ချထားသည်။ မင်းညီမင်းသားများနှင့် နန်းတွင်းသူ၊ နန်းတွင်းသား တို့လည်း ရွှေပိန်းချလှေများဖြင့် လာကြသည်။ မြစ်ထဲတွင် ဘုရင်၏ လှေတော်နှင့်တကွ မှူးမတ်တို့၏လှေများ၊ နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ လှေများသည် အိုးစည်ဗုံမောင်းတီး၍လည်းကောင်း၊ လှေတော်သားများက သံချပ်များထိုး၍လည်းကောင်း သင်္ကြန်သုံးရက်လုံးလုံး လှေပြိုင်ပွဲကြီး ကျင်းပကြသည်။ လှေတက်များမှာလည်း ရွှေပိန်းချထားကြသည်။ တက်ခတ်လိုက်သည့်အခါ ရေစက်ရေမွှားများသည် တဖွားဖွားဖြာထွက်ကာ နေရောင်နှင့်ပနံရလှသည်။ သုံးရက်မြောက်သောနေ့၌ ဘုရင်၏ လှေတော်က လှေတော်များခြံရံလျက်ပြိုင်လှေများကြားသို့ ဝင်ရောက်လာသောအခါ အမြောက်ပစ်ဖောက်သည်။ သို့ဖြင့် မဟာသင်္ကြန်ပွဲကြီး ပြီးစီးခဲ့သည်"ဟု ဆရာမြသန်းတင့်ဘာသာပြန်သည့်"သမိုင်းထဲကမန္တလေး" စာအုပ်တွင် ဖတ်ရသည်။ ဤစာအုပ်တွင်ပင် **"ဝင်လုဆဲနေခြည်သည် ထူပိန်းနေသည့် ရွှေပြားပေါ်တွင် ဖိတ်ဖိတ်လက်နေသည်။ မြန်မာတို့၏ လှေပွဲသဘင်သည် ကျွန်ုပ်တွေ့ဖူးသမျှတွင် အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး ဖြစ်ပေ၏"** ဟု အင်္ဂလိပ်သံကိုယ်စားလှယ် မိုက်ကယ်ဆိုင်းက ရေးခဲ့ကြောင်း သမိုင်းထဲက မန္တလေးစာအုပ်တွင် မူရင်းစာရေးဆရာ ဗွီစီစကော့ အိုကွန်နားက မှတ်တမ်းတင်ထားသည်ကို လေ့လာသိရှိရသည်။

တောင်ငူ၊ ဟံသာဝတီ၊ကုန်းဘောင်မင်းအဆက်ဆက်ခေတ်များတွင်လည်း မဟာသင်္ကြန်ပွဲ နွှဲကြမည်အမှန်။ ပျော်ခဲ့ရွှင်ခဲ့ကြမည် မုချ။ သို့ဖြင့် ရာသီစက်မောင်း အလီလီပြောင်းခဲ့ပြီး ပဒေသရာဇ်ခေတ်ကုန်ပြီးနောက် ဗြိတိသျှတို့၏ အုပ်ချုပ်ရေးခေတ် ရောက်လာခဲ့တော့သည်။ ဆင်၊ မြင်း၊ လှေ၊ လှည်းခေတ်ကုန်ပြီး မီးရထား၊ မော်တော်ကား၊ ဓာတ်ရထားစသည် စက်မှုခေတ်ဘက် ချဉ်းနင်းခဲ့ပြီ။

ခေတ်ပြောင်းသည်နှင့် လူတို့၏ အမူအကျင့် စရိုက်လက္ခဏာများကလည်း သူ့ခေတ်နှင့် သူ့အခါ လိုက်ပါပြောင်းလဲခဲ့သည်။ ခေတ်ဟောင်းကာလတွင် **"ထောင်နှစ်ရာ ကိုးဆယ်နဲ့ငါးခုနှစ်မှာကွယ် သက္ကရာဇ် ဦးခေါင်းပြောင်းတဲ့အခါဝယ်၊ ရေလောင်းပြန်ကြတယ်။ အများနဲ့ရယ်ကားနဲ့လည်**"ဟု တစ်မျိုး။ **"ပိတောက်ပန်းတွေ ခေါင်းမှာထိုးတယ်။ အမျိုးမျိုးလည်း ပျော်စရာရယ်၊ မော်တော်(ယခုခေတ်အခေါ်မော်တာ) ရေစက်ပါတယ်**"ဟုတစ်ဖုံ ဆရာရွှေတိုင်ညွန့်က ရေးစပ်ခဲ့သည်။ အဆိုတော် မကြည်အောင်က သီဆိုခဲ့သည်။ ဤသီချင်းကို ထောက်ချင့်ခြင်းဖြင့် မော်တော်ကားဖြင့် ရေပက်လည်ကြကြောင်း၊ ဧည့်ခံမဏ္ဍပ်များတွင် ရေစုပ်စက်မော်တာဖြင့် ရေပက်ကြကြောင်း သိရပေသည်။

ထို့ပြင် ဆရာရွှေတိုင်ညွန့်၏ **"ရယ်တာပေါ့သင်္ကြန်"**တွင် **"ကန်တော်ကြီးပါကွယ် ချီကာပက်ကြတယ် တို့များကတော့ မလျှော့ဘူးကွယ်"**ဟု ရေးဖွဲ့ခဲ့သည်ကိုထောက်ရှုခြင်းဖြင့် ရန်ကုန်မြို့ ကန်တော်ကြီး၊ အင်းလျားကန်များတွင် သင်္ကြန်ပွဲတော် နွှဲပျော်ကြကြောင်း သိရပြန်သည်။

မန်းမန္တလာအညာမြေတွင် **"ကျုံးရေသီတာပတ်ကာဝိုင်း၊ တန်ခူးလရောက်လေတိုင်း၊ သင်္ကြန်ကားကလေးနဲ့ ရေကစားထွက်လို့လည်၊ ကိုကိုတို့ ရေကစားထွက်လို့လည်**"ဟု သီဆိုခဲ့သည့်အတိုင်း ကျုံးပတ်လည်တွင် ရေကစားကြကြောင်း တွေ့ရပေသည်။

ဤပုံရိပ်များသည်ကား မဟာသင်္ကြန်၏ အတိတ်မှအရိပ်များ ဖြစ်ပေသည်။

အချို့ပုံရိပ်များသည် ယခုအထိ ထင်ဟပ်နေဆဲ၊ ပြက်ပြက်ထင်ထင် ပေါ်လွင်နေဆဲဖြစ်လေသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆင်နွှဲကျင်းပလျက်ရှိသည်-

(က) မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက် ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ စိတ်ရွှင်လန်း ချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်စေရန်၊

(ဃ) မြန်မာမှု မြန်မာ့ဟန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြစေရန်။

ဤသို့ကောင်းမြတ်သော ရည်ရွယ်ချက်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့သော မြန်မာတို့၏အတာရေသဘင်ပွဲမှာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲအောင်မြင်ခဲ့သည်။ ရည်ရွယ်ချက်များ ပြီးမြောက်ခဲ့သည်။

ရန်ကုန်မြို့တွင် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များနှင့် ဒိုးပတ်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ပြီး ဆုများချီးမြှင့်သည်။ ကန်တော်ကြီး၊ အင်းလျားတစ်ဝိုက်တွင် မဏ္ဍပ်များ တည်ဆောက်ပြီး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ မြို့နယ်အသီးသီးရှိ မဏ္ဍပ်များတွင် စတုဒိသာကျွေးကြသည်။

မန္တလေးမြို့တွင်လည်း မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်းဟူသော ခရိုင်မြို့ကြီးများမှ အလှပြယာဉ်ကြီးများ၊ အကအဖွဲ့များပါဝင် ယှဉ်ပြိုင်ကြသည်။ နေ့၊ ညဖျော်ဖြေကြရာ ကြက်ပျံမကျ စည်ကားလှပေသည်။

နန်းမြို့ ကျုံးလေးပြင်လေးရပ်တွင်လည်း ရေပက်မဏ္ဍပ်များ တည်ဆောက်ပြီး ရေကစားကြရာ ရွှေပွဲလာပရိသတ် မြောက်မြားစွာစည်ကားနေသည်။

အခြားမြန်မာနိုင်ငံရှိမြို့ကြီး မြို့ငယ်အသွယ်သွယ်တွင် ရိုးရာသင်္ကြန်အား စဉ်လာမပျက်ကျင်းပကြသည်မှာ သူ့အရပ်နှင့်သူ့ဇာတ်ဆိုသကဲ့သို့ နှစ်သက်ရွှင်လန်းဖွယ်ကောင်းလှသည်။ ပြည်သူတို့ပျော်ရွှင်ကြသည်။

မဟာသင်္ကြန်ကိုလည်း ပျော်ပျော်ပါးပါးဆင်နွှဲကြပြီး နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ဘဝခရီးဆက်လှမ်းနိုင်ကြစေချင်ပါသည်။

သို့ဖြစ်ရာ အစဉ်အဆက်ယဉ်ကျေး သိမ်မွေ့ခဲ့သော မြန်မာ့ရိုးရာဓလေ့စရိုက်များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာကြပါစို့ဟု နှိုးဆော်လိုက်ရပါကြောင်း။ ။

လမြတ်တန်ခူး နှစ်ဦးသင်္ကြန်ခါ

(တျာချင်း)

* ရာသီမိဿ၊ သာစွကြည်ကြည်လင်
စိတြကြယ်မင်း၊ ထွန်းလင်းချိန်ခါပင်
အတာပွဲဆင်၊ ကြည်ရွှင်မနော
ရေကုန်ပြီဆို၊ ပက်ဦးပို့
ခွန်းချိုတုံ့တင်ပြောသည်နှင့်လေး။

* မပန်းမမော၊ သောသောခြိမ့်ခြိမ့်ညံ
ချမ်းအေးတုန်လည်း၊ အားခဲပျော်နေပြန်
ကောင်းမွေဆက်ခံ၊ ကျင့်ကြံတူတကွ
စတုဒိသာ၊ ကျွေးမွေးကာ
သဒ္ဓါရည်တူကြသည်နှင့်လေး။

* ခေါင်းထောင်ကြွကြွ၊ ပန်းလှပိတောက်ဝါ
ဂုဏ်ရှိန်ထူးတင့်၊ ဖူးပွင့်သူ့ချိန်ခါ
လောကီသားပမာ၊ မာလာလယ်ကြွား
ဘုရားမှာတင်၊ ခေါင်းမှာဆင်
ကြည်လင်မွှေးရနံ့များငယ်နှင့်လေး။

* ကုသိုလ်တရား၊ နိုးကြားများခံယူ
ဖမိဘေးဘိုး၊ ချီပိုးတွဲလက်ကူ
မောင်မယ်ကြည်ဖြူ၊ ညီတူစိတ်ဝမ်း
ညစ်ကြေးစင်စေ၊ ပြုစုနေ
ဆုခြွေသံသာ လွှမ်းသည်နှင့်လေး။

* သက်လွှတ်လျှုဒါန်း၊ ပြီးပန်းဝေဝေဆင်
မျိုးဂုဏ်ကိုထိန်း၊အေးငြိမ်းမြန်ပြည်တစ်ခွင်
ဗုံမောင်းသံလွင်၊ စည်ပင်သာဘိ
ဘုရားကျောင်းကန်၊ လှူပွဲလျှံ
နဘံမိုးထိသိသည်နှင့်လေး။
အမိရိုးရာဓမ္မတရားတွေနဲ့အညီ
အရှိမျိုးမြန်မာအလှကြွားစေကွဲ့အတည်။

မင်းနိုင်လေး(လမ်းမတော်)

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က စီစဉ်ကျင်းပသည့် ၂၀၀၈ ခုနှစ် ပဌမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူ ယာဉ်မောင်းသင်ကွင်း၌ ကျင်းပရာ ဧပြီ ၁၅ ရက် သင်္ကြန်ဒုတိယအကြတ်နေ့က ဘူးသီးတောင်မြို့နယ်မှ ရေလောင်းမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။

(ကြေးမုံ)

ပျော်ရွှင်စွာရေကစား

ဧပြီ ၁၅ရက် မဟာသင်္ကြန်ဒုတိယအကြတ်နေ့က ဦးဝိစာရလမ်း Jewelly Luck မိသားစု ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။

(ကြေးမုံ)

မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အခါ လွယ်လွယ်ကူကူဖြင့် စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေးအတွက် ကော်မရှင်အဆင့်ဆင့်၌ တာဝန်ရှိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ စာအုပ်များကို နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထား

နေပြည်တော် ဧပြီ ၁၅

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် နေပြည်တော်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းတို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၁၀ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာ ပြည်နယ်၊တိုင်းအသီးသီးတို့၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုးနှင့် အဖွဲ့ဝင်များ နေပြည်တော်ပျဉ်းမနား ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ မဲစာရင်းများ ကြေညာထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်နှင့် နေပြည်တော် ပျဉ်းမနား ခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်/ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲ အခမ်းအနားကို ဧပြီ ၁၀ရက် နံနက် ၉ နာရီတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုး တက်ရောက်၍ အမှာ စကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင် များ၊ နေပြည်တော်ပျဉ်းမနားခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးမြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင် တိုးက အဖွင့်အမှာစကား ပြောကြား ရာ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ သည့်နေရာတိုင်းတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အားလုံး မဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများအနက် အကြောင်း ကြောင်းကြောင့်ရပ်ဝေးသို့ သွားရောက် ကြမည့် မဲဆန္ဒရှင်များအား ကြိုတင် ဆန္ဒမဲပေးနိုင်ရန် ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မဲဆန္ဒရှင်များ လာရောက်မဲပေးသည့် အခါ လွယ်လွယ်ကူကူဖြင့် စိတ်ချမ်း မြေ့စွာ မဲပေးနိုင်ရေးအတွက် ကော်မရှင် အဆင့်ဆင့်တို့၌ တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း စာအုပ် များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေစာအုပ်များ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လမ်းညွှန်စာအုပ် များနှင့် ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်း လမ်းညွှန်စာအုပ်များ စသည့် ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ စာအုပ်များ ကိုလည်း နိုင်ငံနှင့်အဝန်း ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြည်နယ်၊ တိုင်း ကော်မရှင်အဖွဲ့ခွဲများက ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲများအထိ ဆင့်ကဲဆင့်ကဲ ရှင်းလင်းဆွေးနွေးပြီး ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနား ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင် မောင်ဇော်က နေပြည်တော် ပျဉ်းမနား ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းပြီးစီးမှု၊ အထောက်အကူပြု ကော်မရှင် အဖွဲ့ခွဲရုံးများ ဖွင့်လှစ် ထားရှိမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စာရင်း၊ မဲစာရင်းကောက်ယူပြီးစီးမှု၊ ဆန္ဒမဲပေး မည့် မဲရုံများပြင်ဆင်ထားမှု၊ မဲပုံး လိုအပ်ချက် တွက်ချက်ထားရှိမှု၊ မဲရုံ မှူးများ၊ မဲရုံအဖွဲ့ဝင်များ တာဝန်ပေး စုစည်းပြင်ဆင်မှု၊ ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ ကျင်းပရေးကော်မရှင်က ပေးပို့ သော စာအုပ်များ၊ လုပ်ငန်းလမ်းညွှန် စာအုပ်များ၊ စာရွက်စာတမ်းပုံစံများ၊ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲ လက်မှတ်များလက်ခံရရှိမှုနှင့်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်သို့ ဖြန့်ဝေပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် များဖြစ်ကြသည့် ဦးအေးမောင်နှင့် ဒေါက်တာထွန်းရှင်တို့ကပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးလုပ်ငန်းများ နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင် တိုးက နိဂုံးချုပ်အမှာစကား ပြောကြား ကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက် ရောက်လာကြသည့် နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနား ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံ အမှတ်(၁)၌ မဲဆန္ဒရှင်များ အဆင်ပြေ ချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံတည်ဆောက်ပြသထားမှု၊ မဲစာရင်း များကြေညာထားမှု၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း(၂၀၀၈) အတည် ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေ စာအုပ်များနှင့် လမ်းညွှန် စာအုပ်များ ခင်းကျင်းပြသထားမှုနှင့် မဲပုံးစစ်ဆေးခြင်း၊ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲပေးခြင်း၊ မဲရုံ ပိတ်သိမ်းခြင်း၊ ဆန္ဒမဲရေတွက်ခြင်း စသည့် ဆန္ဒမဲပေးမှုသရုပ်ပြခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထွက်ခွာ သွားသည်။

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်နှင့် ကချင်ပြည်နယ်၊ခရိုင်၊မြို့နယ်၊ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံ ပွဲကို ဧပြီ ၁၀ရက် နံနက် ၇နာရီတွင် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက အမှာစကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကချင်ပြည်နယ်အတွင်း မဲရုံ၊ မဲပုံးများ ကြိုတင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ များကိုလည်းကောင်း၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများကပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲနှင့်စပ်လျဉ်းသည့်လုပ်ငန်းဆိုင်ရာ များကိုလည်းကောင်း ဆွေးနွေးတင်ပြ ကြပြီးတွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးနှင့် ပြည် နယ်၊ခရိုင်၊မြို့နယ်၊ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များသည် မြစ်ကြီးနားမြို့ ရှမ်းစု(မြောက်) ရပ်ကွက်မွော်ရုံရှိမဲရုံသို့ သွားရောက် ကြပြီး ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မွန်ပြည်နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံ အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက် နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင်များက လုပ်ငန်းဆိုင်ရာများနှင့် ရှေ့လုပ်ငန်း စဉ်များကို ဆွေးနွေးတင်ပြကြကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ ဝင်များနှင့်အဖွဲ့ဝင်များသည် မော်လမြိုင် မြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းရှိ စစ်ကဲကုန်း ရပ်ကွက် မဲရုံအမှတ်(၁)သို့သွားရောက် ကြပြီး ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ တွေ့ဆုံပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီ တွင် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးစိုင်းထွန်းမြက အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်လုံးကျွတ်ဆန္ဒခံယူ ပွဲ ကျင်းပရေး ရှမ်းပြည်နယ် ကော်မရှင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့



ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ မဲဆန္ဒရှင်များ ဆန္ဒမဲထုတ်ယူမှုသရုပ်ပြစဉ်။ (သတင်းစဉ်)

မဲပုံးစစ်ဆေးမှုသရုပ်ပြ

မြစ်ကြီးနားမြို့ ရှမ်းစု (မြောက်) ရပ်ကွက် မွော်ရုံရှိ မဲရုံတွင် မဲပုံး စစ်ဆေးမှု သရုပ်ပြစဉ်။ (သတင်းစဉ်)

တိုင်းပြည်အနှံ့၊ ဒေသတိုင်း၊ နေရာတိုင်း၌ ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ တစ်ခုမဟုတ်တစ်ခု လက်ညှိုးထိုးမလွဲ တည်ရှိနေပြီး တိုးတက်မှုများကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ

❑ ရှေ့ဖုံးမှ

ဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း နှင့် စစ်ကိုင်းတိုင်းတို့မှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဘင်ခရာ ပန်းဖွားအကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးလှမြင့်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြကြေညာသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံ၏ ရှေးအကျဆုံး သမိုင်းဝင်ဧရာဝတီမြစ်ကူးအင်းဝတံတားကြီးနှင့် မနီးမဝေးယှဉ်ပြီး ယနေ့ ရတနာပုံ တံတားကြီးကို ကိုယ့်အင်ကိုယ့်အားဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် လွန်စွာမှ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါကြောင်း၊ ဤကဲ့သို့ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလှသည့် အခါသမယတွင် ဤရတနာပုံတံတားကြီး တည်ဆောက်ရေး အတွက် မူဝါဒဆိုင်ရာ လမ်းညွှန်မှုပေးခဲ့သည်ကအစ လက်တွေ့ တည်ဆောက်မှုကာလ တစ်လျှောက်လုံးတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဖြည့်ဆည်းကြပ်မတ် လမ်းညွှန်ပေးခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်ကြွ ရောက်ချီးမြှင့်ခြင်းသည် ရှိရင်းစွဲကျက်သရေမင်္ဂလာအပေါင်းကို ပိုမိုပြည့်စုံတင့်တယ်စေလျက် ရှိသည့်အပြင် နိုင်ငံတော်အကြီးအကဲ၏ ဤတံတားကြီး အပေါ် အလေးပေးတန်ဖိုးထားမှုနှင့် ပြည်သူများအပေါ် မေတ္တာစေတနာထား ရှိမှုတို့ကို ပိုမိုပေါ်လွင် ထင်ရှားစေလျက်လည်းရှိကြောင်း။

တိုင်းတစ်ပါးလက်အောက် သူ့ကျွန်ဘဝ၌ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသော ကာလအတွင်း ကိုလိုနီနယ်ချဲ့တို့ တည်ဆောက်ပေးခဲ့သည့် တစ်စင်းတည်းသော ဧရာဝတီ မြစ်ကူးအင်းဝတံတားကြီးနှင့် အပြိုင် တပ်မတော်အစိုးရ တာဝန်ယူခဲ့သော အချိန်တိုကာလအတွင်း ပေ၁၈ဝနှင့် အထက် ၂၃၃စင်းမြောက် တံတားကြီးဖြစ်သည့်အပြင် ရှစ်စင်းမြောက် ဧရာဝတီမြစ်ကူးတံတားကြီးကို မိမိတို့ နိုင်ငံသူ နိုင်ငံသား ပညာရှင်များ၏ စွမ်းအားဖြင့် ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် တစ်မျိုးသားလုံး အတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အထင်ကရ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုကဲ့သို့ မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွန်းလာနေခြင်းသည် နိုင်ငံနှင့် လူမျိုး၏ စီးပွားခေ အင်အားတိုးတက်ခိုင်မာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအားပြည့်ဝမြင့်မားလာမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများ၏ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စနစ်တကျ အကွက်ချဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေခံကောင်းများကို ဖော်ညွှန်းပြဆိုနေခြင်းလည်း ဖြစ်ကြောင်း၊ အဓိက အနေဖြင့် ပြည်သူများအပေါ် ထားရှိသည့် စေတနာပင် ဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့သည် နှစ်ပေါင်းတစ်ရာကျော် ကာလအတွင်း ၎င်းတို့အတွက် စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ အကျိုးအမြတ်ဖြစ်ထွန်းနိုင်မည့် အခြေခံအဆောက်အအုံ အနည်းငယ်ကိုသာ တည်ဆောက်ခဲ့ပြီး တိုင်းရင်းသား လူမျိုးအချင်းချင်း အနေဝေးအောင်၊ ဆက်ဆံမှုကျဲအောင် တမင်ဖန်တီးခဲ့သည့်အတွက် နိုင်ငံအတွင်း၌ လမ်းပန်းဆက်သွယ်ရေး ချို့ငဲ့ခဲ့သည်မှာလည်း အထင်အရှားပင် ဖြစ်ကြောင်း။

သာဓကအနေဖြင့် ကြည့်မည်ဆိုလျှင် နိုင်ငံ၏ အလယ်ဗဟိုကို ဖြတ်သန်းပြီး မြောက်မှတောင်သို့စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးသည် နိုင်ငံကိုအရှေ့ ခြမ်း၊ အနောက်ခြမ်း ခွဲခြားထားသကဲ့သို့ ဖြစ်နေသည့်အတွက် အချက်အချာကျသော နေရာများ၌ မြစ်ကူးတံတားကြီးများ များစွာတည်ဆောက်ပေးရန် လိုအပ်ခဲ့သော်လည်း နှစ်ပေါင်းရာချီသည့် ကာလအတွင်းတွင် အင်းဝ တံတားကြီးတစ်စင်းကိုသာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကလမ်းမကြီးများကိုလည်း မြန်မာနိုင်ငံအောက်ပိုင်း၌ ဧရာဝတီအရှေ့ခြမ်းဒေသနှင့်

အထက် ပိုင်း၌ ဧရာဝတီအနောက်ခြမ်းဒေသအချို့တို့တွင်သာ ဖောက်လုပ်ထားခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ချို့ငဲ့ခဲ့သော ကျန်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုတွင် ကွင်းကျန်ပြီး အခြားဒေသများထက် များစွာနိမ့်ကျခဲ့ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရခေတ်ကာလတွင် ယခင်အချိန်အခါက ဖွံ့ဖြိုးတိုးတက်မှု၌ ကွင်းကျန်နေခဲ့သည့် ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် တောင်ပေါ်မြေပြန့် မြစ်ချောင်းခြားနားနေသော ဒေသများအားလုံး ရေမြေတစ်ဆက်တစ်စပ်တည်း ဖြစ်လာစေရန် လမ်းတံတားအခြေခံများကို မဟာဗျူဟာကျကျ အကွက်ချပြီး အလုံးအရင်းဖြင့် တည်ဆောက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာမှာမူ မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံး စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်စေရန်၊ စိတ်အေးချမ်းမြေ့လုံခြုံစွာ ကူးလူးဆက်သွယ် သွားလာနိုင်စေရန်၊ ခေတ်ကာလနှင့်အညီ ကုန်စည်ကူးသန်းရောင်းဝယ် ပို့ဆောင်နိုင်စေရန်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်များပင် ဖြစ်ကြောင်း။

ဤသည်မှာလည်း ပြည်သူတစ်ဦးချင်း၏ ဆန္ဒဖြစ်သော ဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ ပရိယေသနရှာမှီးရင်း စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားလိုမှု၊ လူနေမှုဘဝအဆင့်အတန်းမြင့်မြင့်မားမား နေထိုင်သွားလာလိုမှု၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် ယှဉ်တွဲပြီး မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက် စေလိုမှုဆိုသည့် အခြေခံအကြောင်းတရားများကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

အမျိုးသားရေးရှုထောင့်က ကြည့်မည်ဆိုလျှင်လည်း ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဆူကြံ့နိမ့်မြင့်ကွာဟချက် ကျဉ်းမြောင်း ပပျောက်ပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး ပညာရည်အရ၊ ကျန်းမာရေးအခြေခံအရ၊ ဖွံ့ဖြိုးမှုအရ ညီညွတ်မျှတလာမှုနှင့်အတူ လူမှုအရည်အသွေး၊ စိတ်ဓာတ်၊ ခံယူချက်အားလုံး တစ်သားတည်းဖြစ်လာစေရန် ရည်စူးဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ယနေ့ ရတနာပုံတံတားကြီး တည်ဆောက်ပေးခဲ့သောနေရာသည် နိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်၌ရှိကြသည့် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၏ ဆက်သွယ်ဆက်ဆံရေးတွင် မဟာဗျူဟာမြောက် အဓိကဆက်ကြောင်း နေရာတစ်ခုဖြစ်ကြောင်း။

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပရာဒေသများကို ဆက်စပ်ပေးထားသည့်အပြင် သမိုင်းဝင်သာသနိက အဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ... လူမှုရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ကမ္ဘာ ... ကဏ္ဍများအတွက်ပါ အရေးပါသောဒေသ ...

ထို့အပြင် နိုင်ငံ၏ စီးပွားရေး၊ ကုန်သွ... ရေးလုပ်ငန်းများ အဓိကဖြတ်သန်းစီးဆင်း... ဖြစ်သည်သာမက ကုန်သွယ်စီးပွားရေးလုပ်... များ၊ အီလက်ထရွန်နစ်၊ သတင်းနှင့်ဆက်သွ... စည်ပင်ရာဒေသများ၏ ဗဟို၌ရှိသည့်အတွ... ဖြစ်ထွန်းစေမှုသည် များစွာကြီးမားလှကြော...

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် မိ... ပြီး တရားဥပဒေစိုးမိုးအောင်၊ ဘက်စုံဖွံ့ဖြိုး... ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအ... ကြံဆောင် ကြိုးပမ်းဆောင်ရွက်ရင်း အိမ်နီး... နိုင်ငံတကာမှ မိတ်ဆွေနိုင်ငံများနှင့် ဘက်စုံ... နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသ... မြင့်မားသော ရည်မှန်းချက်များကို ထိထိ... အမှန်ပင်ဖြစ်ကြောင်း။

မိမိနိုင်ငံသူ နိုင်ငံသားများ ပညာရည်... ဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများကို ... ပြည့်ပြည့်ဝဝဖြင့် ပြည့်ပြည့်စုံစုံ၊ လုံလုံလေ... မည်ဆိုလျှင် ဤအခြေခံကောင်းများပေါင်း... နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုး...

တိုင်းပြည်အနှံ့၊ ဒေသတိုင်း၊ နေရာတို... လုပ်ငန်းများ တစ်ခုမဟုတ်တစ်ခု လက်ညှိ... များကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နေ... စီးပွားရေးဘဝ မြင့်မားရန်အတွက် ထုတ်... ကုန်သွယ်မှုအပိုင်းတို့၌ အကျိုးဝင်လျက်ရှိ... ရပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံမျ... ဖြစ်ကြောင်း။

ဤနေရာတွင် အလျဉ်းသင့်၍ နို... တွက်ဆ လမ်းညွှန်မှုဖြင့် ထူးခြားအောင်မြ...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဧရာဝတီတံတား(ရတနာပုံ)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား (ရတနာပုံ)

ဧရာဝတီတံတား (ရတနာပုံ) ကို တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာ... အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ... အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော... စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ... ဗိုလ်ချုပ်စောထွန်းနှင့် မန္တလေးမြို့... ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချု... (ရတနာပုံ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေ...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ရတနာပုံ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်။

(သတင်းစဉ်)

ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ တည်ရှိရာဒေသဖြစ်သည့်အတွက် လူမှုရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကဏ္ဍများအတွက်ပါ အရေးပါသောဒေသ ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်စည်ကူးသန်း ပို့ဆောင်ရေးလုပ်ငန်းများ အဓိကဖြတ်သန်းစီးဆင်းနေသည့် အချက်အချာနေရာတစ်ခု ဖြစ်သည်သာမက ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အီလက်ထရွန်နစ်၊ သတင်းနှင့်ဆက်သွယ်ရေးလုပ်ငန်းများ အခြေပြုဖွံ့ဖြိုးစည်ပင်ရာဒေသများ၏ ဗဟိုဌာနရှိသည့်အတွက် ရတနာပုံတံတားကြီး၏ အကျိုးဖြစ်ထွန်းစေမှုသည် များစွာကြီးမားလှကြောင်း။

အကျိုးပြု လုပ်ငန်းတစ်ရပ်ကို ထပ်လောင်းတင်ပြရမည်ဆိုလျှင် အညာဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးဟု လူသိများသည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းပင် ဖြစ်ကြောင်း၊ အပူပိုင်းဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ခေတ်မီနိုင်ငံများအနေဖြင့် ဖော်ဆွန်းသုံးစွဲနေသည့် အစိမ်းရောင်တော်လှန်ရေးကို မိမိနည်း မိမိဟန်၊ ကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်နိုင်ခြင်းသည် လူသားအကျိုးပြုလုပ်ငန်းကြီးကို လက်တွေ့ကျကျ အကောင်အထည်ဖော်လိုက်ခြင်းပင် ဖြစ်ကြောင်း။

ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာသည်နှင့်အမျှ စိတ်ဓာတ်နှင့် အတွေးအမြင် ရင့်ကျက်ပြည့်ဝလာမှုနှင့်အတူ ဘေးပယောဂ အနှောင့်အယှက် အဟန့်အတားအဖုံဖုံကို ကျော်လွှားနိုင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ကာကွယ်ထိန်းသိမ်း မြှင့်တင်နိုင်စွမ်းလည်း ရှိလာမည်ဖြစ်ကြောင်း။

ဤအတွက် ပြည်သူများအားလုံးက စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး ကိုယ်ပိုင်အမျိုးသားရေး အတွေးအမြင် ခိုင်ခိုင်မာမာဖြင့် နိုင်ငံနှင့် လူမျိုး တိုးတက်ကြီးပွားရေးအတွက် စည်းကမ်းရှိရန်၊ အချိန်ကို လေးစားတန်ဖိုးထားရန်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် စွဲစွဲမြဲမြဲ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ တပ်မတော်အစိုးရအနေဖြင့် ရရှိခဲ့သည့် အချိန်တိုအတွင်း အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအားလုံးသည် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပြည့်စုံလုံခြုံစေရန်နှင့် ဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့စွာ အဆင့်အတန်းရှိရှိ နေထိုင်သွားလာ ဝမ်းစာရှာနိုင်စေရန်က အစပြုပြီး မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံ၌ ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊ တိုင်းပြည်ကို သူတစ်ပါးနောက်မြီးဆွဲသြဇာခံဘဝ ကျရောက်မသွားစေရအောင် ကာကွယ်ထိန်းသိမ်းနိုင်စေရန်ဆိုသည့် ရည်မှန်းချက်များပင်ဖြစ်ကြောင်း။

ဤအမျိုးသားရေး မျှော်မှန်းချက်များကို သားစဉ်မြေးဆက် ထိန်းသိမ်းမြှင့်တင်သွားနိုင်စေရေးအတွက် အာမခံပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကိုလည်း မကြာမီသောကာလတွင် ပြည်သူများ၏ ဆန္ဒခံယူ အတည်ပြုတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံးက မိမိတို့၏ သမိုင်းပေးတာဝန်လည်းဖြစ်၊ အမျိုးသားရေးတာဝန်လည်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ပြည့်မြောက်စေရအောင် ကျရာတာဝန်ကို ကျေပွန်စွာထမ်းရွက်ပေးကြပါ။ ထို့အပြင် ဖျက်လိုဖျက်ဆီးဖန်တီးလုပ်ဆောင်လာမည့် အနှောင့်အယှက် အဟန့်အတားအဖုံဖုံကိုလည်း ဝိုင်းဝန်းတားဆီးဖယ်ရှားကြရန်လိုသကဲ့သို့ ဤရတနာပုံတံတားကြီးကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြရန်လိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက အမှာစကားပြောကြားရာ၌ လက်ရှိ အင်းဝတံတားသည် မီးရထားလမ်းနှင့် တစ်ဖက်တစ်ချက်တွင် ကားလမ်း ၁၀ပေစီ ပါဝင်ပြီး အရှည် ၃၉၄၈ပေရှိကြောင်း၊ ၁၉၃၄ ခုနှစ်တွင် တံတားကြီးကို စတင်ဖွင့်လှစ်အသုံးပြုခဲ့ကြောင်း။

၁၉၉၂ခုနှစ်မှစ၍ ၁၅ တန်ထက်ကျော်သော ဝန်လေးယာဉ်များကို အင်းဝတံတားပေါ်မှ ဖြတ်သန်းခွင့်မပြုဘဲ ဇက်ရေယာဉ်များဖြင့် ကူးသန်းသွားလာနေကြရသည့်အတွက် ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း။

ခေတ်မီတံတားသစ်တစ်စင်း ထပ်မံတည်ဆောက်ရန် လိုအပ်လာသည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ စေတနာမေတ္တာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဧရာဝတီတံတား (ရတနာပုံ)ကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဧရာဝတီ မြစ်ကူးတံတားကြီးများဖြစ်သော ဗလမင်းထင်တံတား၊ မကွေးတံတား၊ အနော်ရထာတံတား၊ ဗိုလ်မြတ်ထွန်းတံတားစသည့် တံတားကြီးခုနစ်စင်း အပါအဝင် ယခု ရှစ်စင်းမြောက်ဖြစ်သည့် ဧရာဝတီတံတား(ရတနာပုံ) ဖွင့်ပွဲအခမ်းအနားကိုပါ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်း၌ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးအောင်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ကြံဆောင် ကြိုးပမ်းဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာမှ မိတ်ဆွေနိုင်ငံများနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ မွန်မြတ်မြင့်မားသော ရည်မှန်းချက်များကို ထိထိရောက်ရောက် ထောက်ကူပေးနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

မိမိနိုင်ငံသူ နိုင်ငံသားများ ပညာရည်မြင့်မားမည်၊ စိတ်ဓာတ်ခိုင်မာမည်၊ ဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများကို ခေတ်နှင့်လျော်ညီစွာ အရည်အသွေး ပြည့်ပြည့်ဝဝဖြင့် ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက် တည်ဆောက်ထားနိုင်မည်ဆိုလျှင် ဤအခြေခံကောင်းများပေါင်းဆုံပြီး မိမိတို့နိုင်ငံတော်ကြီးလည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်မှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

တိုင်းပြည်အနှံ့၊ ဒေသတိုင်း၊ နေရာတိုင်း၌ ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ တစ်ခုမဟုတ်တစ်ခု လက်ညှိုးထိုးမလွဲ တည်ရှိနေပြီး တိုးတက်မှုများကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ စီးပွားရေးဘဝ မြင့်မားရန်အတွက် ထုတ်လုပ်မှုအပိုင်း၊ ဝန်ဆောင်မှုအပိုင်းနှင့် ကုန်သွယ်မှုအပိုင်းတို့၌ အကျုံးဝင်လျက်ရှိသည့်ကဏ္ဍများတွင် ကဏ္ဍအလိုက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို ရင်းနှီးထူထောင်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဤနေရာတွင် အလျဉ်းသင့်၍ နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆ လမ်းညွှန်မှုဖြင့် ထူးခြားအောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံပြုပြင်ရေးလုပ်ငန်းကို ၁၀နှစ်ကျော်ကာလအတွင်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်းပြီး ပြင်းပြင်းထန်ထန် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် မည်သို့မည်ပုံ တိုးတက်အောင်မြင်ခဲ့သည်ဆိုသည်ကို ဤတံတားကြီး၏ ပတ်ဝန်းကျင်၌ရှိသည့် စစ်ကိုင်းတောင်နှင့် မန္တလေးတောင်ကို ကြည့်လျှင်ပင် ပုံပေါ်လျက်ရှိကြောင်း၊ ယခင်ကခြောက်သွေ့နေခဲ့ပြီး တောင်ကတုံးနီးပါး ဖြစ်နေသည့် စစ်ကိုင်းတောင်နှင့် မန္တလေးတောင်တို့သည် ယနေ့ဆိုလျှင် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည် သာယာလာနေပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် သန်းပေါင်းများစွာသော နိုင်ငံသားများ ရေရှည်ကောင်းစားရေးနှင့် နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝ အဓွန့်ရှည်စွာတည်တံ့ရေးအတွက်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ ဧရာဝတီတံတား (ရတနာပုံ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က လမ်းများ၊ တံတားများကို ရည်မှန်းချက်ထားပြီး တည်ဆောက်ပေးခဲ့ရာတွင် ဤတံတားအပါအဝင် ပေ ၁၈၀နှင့် အထက်တံတားကြီးမှာ မန္တလေးတိုင်းအတွင်း ၁၀ စင်းနှင့် တစ်နိုင်ငံလုံးတွင် ၂၃၃ စင်း တိုးတက် ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

မန္တလေးတိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းမိုင်ပေါင်း ၁၃၂၉မိုင်တစ်ဖာလုံကို ဖောက်လုပ်ပေးနိုင်ခဲ့သည့် အတွက်လည်း ၁၉၈၈ခုနှစ်ကထက် လမ်းမိုင်ပေါင်း ၂၉၄ မိုင်တစ်ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုအခါ မန္တလေးတိုင်းအတွင်း ကားလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ်များကို ဖောက်လုပ် တည်ဆောက်ပေးထားရာ တိုင်းအတွင်းရှိ မြို့နယ်အသီးသီးနှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့နှင့်ပါ တိုင်းရင်းသား အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း၊ ကုန်သွယ်စီးပွားတိုးတက် ဖြစ်ထွန်းလာသည်ကို ဒေသခံ ပြည်သူများ မျက်မြင်လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းကို အဓိကထားပြီး ဆက်သွယ်ပေးသော ဧရာဝတီတံတား (ရတနာပုံ)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့်အတွက် ဒေသခံပြည်သူများ၏ ကိုယ်စား နိုင်ငံတော်အကြီးအကဲနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ကို အထူး ကျေးဇူးတင်ရှိပါကြောင်းကို တင်ပြအပ်ပါကြောင်း။

ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်းရှိ လမ်းများ၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် အမျိုးသားနိုင်ငံရေးတာဝန် တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြပါ။ ဖွံ့ဖြိုးတိုးတက်မှုများကို ပျက်ပြားစေမည့် ပြည်တွင်းပြည်ပ အဖျက်ရန်များကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားရေး အသိများဖြင့် ကာကွယ်တွန်းလှန်သွားကြပါဟု ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ဧရာဝတီတံတား(ရတနာပုံ)သည် ယခင် တံတားဟောင်း အင်းဝတံတားနှင့် ယှဉ်လျက် ဧယျာသားတို့အတွက် နိုင်ငံတော်က ခြယ်မှုန်းပေးလိုက်သည့် ဘယ်ပန်းချီရေးလို့မှ မမီသော အလှပန်းချီကားတစ်ခုအဖြစ် ပေါ်ထွက်လာပြီဖြစ်ကြောင်း။

နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်ခံ၍ လမ်း၊ တံတားများ တည်ဆောက်ပေးလျက် ရှိရာတွင် စစ်ကိုင်းတိုင်းအတွင်း လမ်း/တံတားများအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီ ပေ ၁၈၀အထက် တံတား ၂၂စင်းရှိခဲ့ရာ ၁၉၈၈ခုနှစ် နောက်ပိုင်း ယနေ့အထိ ပေ ၁၈၀ အထက် တံတား ၃၆စင်း ရှိလာပြီဖြစ်၍ တိုးတက်မှုအနေဖြင့် ပေ ၁၈၀ အထက်တံတား ၁၄စင်းဖြစ်ကြောင်း၊ လက်ရှိအနေဖြင့် မြောက်ယမားချောင်းတံတား၊ တောင်ယမားချောင်းတံတားနှင့် ခန္တီး-လဟယ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၉ မှ

လမ်းကြောင်းပေါ်ရှိ နန့်စလိန်ကြိုးတံတားတို့ကို တည်ဆောက်လျက်ရှိကြောင်း၊ လမ်းများအနေဖြင့် စစ်ကိုင်းတိုင်းအတွင်းတွင် ၁၉၈၈ ခုနှစ် မတိုင်မီ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်း စုစုပေါင်း မိုင် ၁၃၉၀၊ တစ်ဖာလုံရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်နောက်ပိုင်း ယနေ့အထိ စုစုပေါင်းလမ်းမိုင် ၁၉၇၇ မိုင် ၅ ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် တိုးတက်မှုအနေဖြင့် လမ်းမိုင် ၅၈၇ မိုင် ၄ ဖာလုံဖြစ်ကြောင်း၊ တည်ဆောက်ဆဲလမ်းများအနေဖြင့် ပုသိမ်-မုံရွာ လမ်းကြောင်းပေါ်ရှိ မြိုင်-လင်းကတော-ဆားလင်းကြီးလမ်း၊ ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်ဆက်သွယ်သည့် လာဘို့-မင်းကင်း မြေသားလမ်း၊ စစ်ကိုင်း-ရွှေဘို-ကသာ အမှတ်(၃) ခရိုင်ချင်းဆက်လမ်းတို့ဖြစ်ကြောင်း။

ဧရာဝတီ မြစ်ကူး(ရတနာပုံ)တံတားကြီး တည်ဆောက်ပြီးစီးသွားသည့်အတွက် စစ်ကိုင်းတိုင်းအတွင်းမှ ထွက်ရှိသော ဆန်စပါးအပါအဝင် ပိုလျှံသည့် သီးနှံထွက်ကုန်များကို ဤတံတားကြီးမှတစ်ဆင့် အခြားတိုင်းနှင့် ပြည်နယ်များသို့ တင်ပို့နိုင်မည်ဖြစ်၍ စစ်ကိုင်းတိုင်းအတွက် ဧရာဝတီတံတား(ရတနာပုံ)သည် ရတနာပုံဆိုက်သည့် တံတားကြီးဟု ပြောနိုင်ကြောင်း။

ဧရာဝတီတံတား(ရတနာပုံ)သည် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် တန်ဖိုးမဖြတ်နိုင်သော တံတားတစ်စင်းဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် သားစဉ်မြေးဆက် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲက လက်ရှိအင်းဝတံတား၏ သံပေါင်ခိုင်ခံ့မှုအား လျော့နည်းလာခြင်းကြောင့် နောင်ရေးအတွက် စိုးရိမ်ပူပန်ခဲ့ကြောင်း၊ အင်းဝတံတားသည် သက်တမ်း ၇၃နှစ်ရှိပြီး Cantilever အစွန်းထွက်ရက်မ အသုံးပြုထားသည့်အတွက် ယာဉ်နှင့်ကုန် ၁၅တန်မျှကိုသာ ခွင့်ပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဤတံတားအမြန်တည်ဆောက်နိုင်အောင် တံတားတန်ဖိုးကို အမြန်ဆုံးတွက်ချက်စေပြီး အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူခဲ့ရာ၌ နိုင်ငံတော်အကြီးအကဲက စိစစ်ခွင့်ပြုခဲ့၍ ယခုကဲ့သို့ တံတားသစ်ကြီးကို တွေ့ရခြင်းဖြစ်ကြောင်း၊ ဤတံတားသစ်၌ သံမဏိသံပေါင် အလေးချိန် တန် ၉၉၀၀ ကျော်ပါရှိကြောင်း။

ယခုအခါ တံတားတည်ဆောက်မှုများ အတော်ပြည့်စုံသလောက်ရှိလာပြီဖြစ်၍ ၂၀၀၆ ခုနှစ်ကစပြီး လမ်းနှစ်အဖြစ် သတ်မှတ်ချက်ထား ဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ရေးပိုင် လမ်းမိုင်ပေါင်း ၅၆၇၉ မိုင်လည်း တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အမရပူရမြို့နယ်မှ ဒေသခံပြည်သူ တစ်ဦးဖြစ်သည့် ဦးအုပ်ကျော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အထောက်အကူပြုမည့် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ပေးခြင်းအတွက် ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ သွားရောက်ကြသည်။

ဆက်လက်၍ မင်္ဂလာအချိန် ကျရောက်သည်နှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ဧရာဝတီတံတား(ရတနာပုံ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧရာဝတီတံတား(ရတနာပုံ) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ)ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ)ကို အင်းဝတံတား၏အထက် ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

ဧရာဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင် ခုံးတံတားအမျိုးအစားဖြစ်ပြီး ၃၆၉၄ ပေ ရှည်သည်။

ချဉ်းကပ်တံတားမှာ ၆၅ ပေအရှည် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းလက်ရမ်းအမျိုးအစားဖြစ်သည်။ မန္တလေးဘက်ကမ်းချဉ်းကပ်တံတားမှာ ပေ ၁၁၄၀၊ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ၇၈၀ ရှိသည်။

ဧရာဝတီတံတား (ရတနာပုံ)၏ စုစုပေါင်းအရှည်မှာ ၅၆၁၄ ပေရှိသည်။

ယာဉ်သွားလမ်းအကျယ်၄၉ပေရှိပြီး လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်သည်။ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းများလည်း ပါရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်မှာ ပေ ၇၀၀ ဖြစ်ပြီး အမြင့်မှာ ပေ ၄၀ ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားကြီးဖြစ်သည်။

(သတင်းစဉ်)

မဟာသင်္ကြန် ဒုတိယအကြတ်နေ့ ရန်ကုန်မြို့၌ သင်္ကြန်ချစ်သူများ လန်းဆန်းတက်ကြွစွာ ရေကစား

ရန်ကုန် ဧပြီ ၁၅

ယနေ့သည် မဟာသင်္ကြန် ဒုတိယအကြတ်နေ့ ဖြစ်သည်။ သင်္ကြန်ရက်များအနက် အရှိန်အမြင့်ဆုံး ရေကစားကြသည့် နေ့ရက်ဖြစ်သည်နှင့်အညီ သင်္ကြန်ရေပက်ခံ ကစားကြသူများသည် မမောနိုင်မပန်းနိုင် ပျော်ရွှင်မြူးထူးစွာ ရေကစားကြသကဲ့သို့ ရေကစားမဏ္ဍပ်များမှ ရေပက်ဖျန်းကစားကြသူများကလည်း မြူးကြွသောတေးဂီတသံများနှင့်အတူ လန်းဆန်းတက်ကြွ ပျော်ရွှင်စွာ ကခုန်ပျော်ပါး၍ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲကြသည်။

ရန်ကုန်မြို့ အနော်ရထာလမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေပက်ကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထိုသို့ ရေကစားကြရာတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင် လမ်းတစ်လျှောက်တွင်လည်းကောင်း၊ ဦးချစ်မောင်လမ်း တစ်လျှောက်တွင် လည်းကောင်း၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်တို့တွင် လည်းကောင်း ရေကစားမဏ္ဍပ်များ၊ ရေပက်ခံမော်တော်ယာဉ်များ၊ ခြေကျင်လျှောက် ရေကစားကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ ရန်ကင်းမြို့နယ် ရန်ကင်းလမ်း၊ ရန်ရှင်းလမ်း၊ ကံဘဲ့လမ်းနှင့် ကမ္ဘာအေးစေတီလမ်းတို့တွင် ရေကစားမဏ္ဍပ်အချို့နှင့် ရေစည်၊ ရေပိုက်များဖြင့် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။ စမ်းချောင်းမြို့နယ်တွင် ဗားကရာလမ်းနှင့် ဗဟိုလမ်းတစ်လျှောက်၊ ကြည့်မြင်တိုင်မြို့နယ်တွင် အထက်ကြည့်မြင်တိုင်လမ်း၊ ကမ်းနားလမ်း၊ နတ်စင်လမ်းနှင့် ဗားကရာလမ်းတစ်လျှောက်၊ ဒဂုံမြို့နယ်တွင် ဗဟိုလမ်း၊ အလုံလမ်းနှင့် မြို့မကျောင်းလမ်းတစ်လျှောက်၊ ကမာရွတ်မြို့နယ်တွင် တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားလမ်း၊ ရန်ကုန်-အင်းစိန်လမ်း၊ ပြည်လမ်း၊ ဟံသာဝတီလမ်း၊ နာနတ်တောလမ်းနှင့် ဘုရင့်နောင်လမ်းတစ်လျှောက်၊ လှိုင်မြို့နယ်တွင် ရန်ကုန်-အင်းစိန်လမ်း၊ ပြည်လမ်း၊ ဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းတစ်လျှောက်တို့တွင် ရေကစားမဏ္ဍပ်အချို့နှင့် လမ်းဘေးဝဲယာတို့၌ရေစည်၊ ရေပိုက်များဖြင့် ရေကစားကြသူများက ရေပက်ခံ မော်တော်ယာဉ်များကို အေးချမ်းပျော်ရွှင်စွာ ရေပက် ကစားကြသည်။

သင်္ကြန်ဒုတိယအကြတ်နေ့က ရန်ကုန်မြို့လမ်းမတော်မြို့နယ် ၁၆လမ်း(အလယ်) မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (ကြေးမုံ)

အထူးသဖြင့်ရန်ကုန်မြို့တစ်မြို့လုံး၌ ကမာရွတ်မြို့နယ်ရှိ အင်းလျားလမ်း၊ ဗဟန်းမြို့နယ်ရှိ တက္ကသိုလ်ရိပ်သာလမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ဦးချစ်မောင်လမ်း၊ ရွှေဂုံတိုင်လမ်း၊ မြို့လယ်ရှိ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းများ တစ်လျှောက်တို့တွင် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကိုတွေ့ရှိရသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ မဟာသင်္ကြန် ရေကစားမဏ္ဍပ် စုစုပေါင်း ၇၄ ခု ဖွင့်လှစ် ရေကစားကြပြီး သင်္ကြန်အကြိုနေ့တွင် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့၏ ရေသဘင်မဏ္ဍပ်၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် 'လူငယ်တို့၏ ရင်ခုန်သံ' ကျန်းမာရေးပညာပြခန်း၊ တေးသရုပ်ဖော်နှင့် ရေသဘင်မဏ္ဍပ်၊ သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ '၄၀' ရေကစားမဏ္ဍပ်နှင့် သဃ်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းရှိ 'ခိုင်မြဲ' ရေကစားမဏ္ဍပ်တို့ကို ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ရာ သင်္ကြန်မဏ္ဍပ်များမှ အဆို၊ အကများဖြင့်ဧည့်ခံဖျော်ဖြေကြပြီး ယနေ့သင်္ကြန် ဒုတိယအကြတ်နေ့အထိ အဆိုပါ ရေသဘင်မဏ္ဍပ်များ၌ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြသည်ကိုတွေ့မြင်ရသည်။ (သတင်းစဉ်)

ကမ္ဘာ့တင်းနစ်လောကမှ မှတ်တမ်းဝင် အဖြစ်အပျက်များ

ကမ္ဘာ့အားကစားလောကတွင် ထူးခြားထင်ရှား မှတ်တမ်းဝင် အဖြစ်အပျက်များ အများအပြားရှိသည့်အနက် တင်းနစ်အားကစားလောကမှ မှတ်တမ်းအချို့ကို ဖော်ပြလိုက်ပါသည်။

တင်းနစ်အားကစားနည်း ဘယ်ကစ

ကမ္ဘာပေါ်တွင် တင်းနစ်အားကစားနည်းကို လွန်ခဲ့သော နှစ်ပေါင်း၈၀၀ ဝန်းကျင်က ပြင်သစ်နိုင်ငံမှ စတင်ခဲ့ကြောင်း သမိုင်းပညာရှင်အများစုက ယုံကြည်လက်ခံထားကြသည်။ ထိုစဉ်က ပြင်သစ်နိုင်ငံတွင် နံရံကိုလည်းကောင်း၊ ကြိုးတန်းကိုလည်းကောင်း ဘောလုံးပစ်ကစားခဲ့ကြကြောင်း သိရသည်။ ထိုသို့ကစားခြင်းကို Tenez ဟုခေါ်ဆိုခဲ့ရာမှ ယခုအခါ Tennis ဟူ၍ တွင်ကျယ်လာခြင်းဖြစ်ကြောင်း မှတ်တမ်းများ၌ ဖော်ပြသည်။

ရာဖေးနာဒယ်လ် အင်ဒရေးအဂ္ဂါဆီ

အမြန်ဆုံး တင်းနစ်စပေးဘော

ကမ္ဘာ့တင်းနစ်အားကစားလောက၌ တင်းနစ်စပေးဘောကို အပြင်းထန်ဆုံးရိုက်ကာ ဘောလုံးအမြန်ဆုံးနှုန်း စံချိန်တင်ထားသူမှာ အမျိုးသားပြိုင်ပွဲ၌ အမေရိကန်မှ အင်ဒီရော့ဒစ် ဖြစ်သည်။ ၄င်းသည် ၂၀၀၆ခုနှစ်စက်တင်ဘာ ၂၄ရက်က ကျင်းပသည့် ဒေးဗစ်ဖလားအကြိုဗိုလ်လုပွဲ၌ စပေးဘောရိုက်ရာ ဘောလုံး၏အမြန်နှုန်းမှာ တစ်နာရီလျှင် ၂၄၆ ဒသမ ၉ ကီလိုမီတာနှုန်း (တစ်နာရီလျှင် ၁၅၅မိုင်နှုန်း) ဖြစ်ကြောင်း သိရသည်။

ထို့အတူ အမျိုးသမီးပြိုင်ပွဲ၌ နယ်သာလန်နိုင်ငံမှ ဘရင်ဒါရှုလ်စ်မက္ကာသီဆိုသူသည် ၂၀၀၆ခုနှစ် ဇူလိုင် ၁၅ရက်က ကျင်းပသည့် ပြိုင်ပွဲတစ်ရပ်၌ တင်းနစ်စပေးဘောရိုက်ရာတွင် တစ်နာရီလျှင် ၂၀၉ ကီလိုမီတာနှုန်း (တစ်နာရီလျှင် မိုင် ၁၃၀နှုန်း) ဖြစ်ကြောင်း ဖော်ပြထားသည်။

အသက်အကြီးဆုံး ကမ္ဘာ့အဆင့်(၁) တင်းနစ်သမား

အမေရိကန်နိုင်ငံမှ နာမည်ကြီး တင်းနစ်သမားတစ်ဦးဖြစ်သူ အင်ဒရေးအဂ္ဂါဆီ **(ဝဲပုံ)**သည် အသက်အကြီးဆုံး ကမ္ဘာ့အဆင့်(၁)တင်းနစ်သမားအဖြစ် ၂၀၀၃ ခုနှစ် မေ ၁၁ရက်က ဆုကြေးစား တင်းနစ်အသင်းမှ အတည်ပြုသတ်မှတ်ခဲ့သည်။ ထိုစဉ်က အင်ဒရေးအဂ္ဂါဆီ၏ အသက်သည် ၃၃နှစ်နှင့် ၁၃ရက်ဖြစ်ပြီး ကမ္ဘာ့အဆင့် (၁)နေရာကို ၁၄ပတ်ကြာ ထိန်းသိမ်းထားနိုင်ခဲ့သည်ဟု သိရသည်။

မြေစေးတင်းနစ်ကွင်း၌ နိုင်ပွဲအများဆုံးရသူ

တင်းနစ်လောက၏ ကြီးလေးကြီးပြိုင်ပွဲတစ်ရပ်ဖြစ်သော ပြင်သစ်အိုးပင်းပြိုင်ပွဲသည် မြေစေးကွင်း၌ကျင်းပသော ပြိုင်ပွဲဖြစ်ရာ စပိန်နိုင်ငံမှ ရာဖေးနာဒယ်လ်**(ဝဲအစွန်ပုံ)**သည် ၂၀၀၆ခုနှစ် ဇွန် ၁၁ရက်က ပြုလုပ်သောပွဲစဉ်၌ နာမည်ကြီး ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒရားကို ၁-၆၊ ၆-၁၊ ၆-၄၊ ၇-၆ (၇-၄) ဖြင့် အနိုင်ရခဲ့ရာ အဆိုပါပွဲသည် ရာဖေးနာဒယ်လ်အတွက် မြေစေးကွင်း၌ ပွဲ ၆၀မြောက် ဆက်တိုက်အနိုင်ရသော ပြိုင်ပွဲလည်းဖြစ်သည်။

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● နှစ်ဦးအခါ သည်အတာ
ရိုးရာသင်္ကြန် ပျော်စရာ။

● ပိတောက်ရွှေဝါ ကြိုင်လှိုင်မွှေး
မြန်မာပြည်လုံး ငြိမ်းချမ်းအေး။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

မဟာသင်္ကြန်ရက်များအတွင်း နေပြည်တော်ပျဉ်းမနား၊ လှေခွင်းတောင်၊ ငလိုက်ကန်သာ အပန်းဖြေစခန်းနှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တို့တွင် ရေကစားသူများ၊ အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဧပြီ ၁၅

မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို နှစ်သစ်ကူး တန်ခူးလတွင် နှစ်စဉ် နှစ်တိုင်း ပျော်ရွှင်စွာ ဆင်ယင်ကျင်းပ ဆင်နွှဲလျက်ရှိရာ ယခုနှစ်တွင်လည်း ယခင်နှစ်များကဲ့သို့ပင် အေးချမ်း ပျော်ရွှင်စွာ ရေပက်ကစား အပန်းဖြေအနားယူသူများဖြင့် စည်ကား လျက်ရှိကြောင်း တွေ့ရှိရသည်။

နေပြည်တော်ပျဉ်းမနား ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် လမ်းသွယ်များတွင် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများ၊ ရေပက်ကစားနေသူများဖြင့် လမ်းတစ်လျှောက် ပြည့်နှက်လျက်ရှိကာ အထူးစည်ကားလျက်ရှိပြီး စိတ်ချမ်းမြေ့စွာ ရေပက်ကစားလျက်ရှိသည်။

ထို့အတူ တန်ခိုးကြီး လှေခွင်းတောင် ဆုတောင်းပြည့်ဘုရားအနီးရှိ ပေါင်းလောင်းချောင်းအတွင်းတွင်လည်း ရေကစားသူ၊ အနားယူကြသူ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✧

နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်းတွင် မိသားစုများ၊ လူငယ်လူရွယ်များ၊ အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ အများပြည်သူများ ရေချိုးဆိပ်တွင် ရေကစားခြင်း၊ ရေချိုးအနားယူခြင်း၊ ရေလွှာလျှောစီးခြင်းတို့ဖြင့် အပန်းဖြေ ရေကစား အနားယူလျက်ရှိကြစဉ်။ (သတင်းစဉ်)

● အခြေခံဥပဒေ အတည်ပြုရေး
မဲရုံသွား၍ ထောက်ခံမဲပေး။

● နိုင်ငံသစ်ဆီ ဒို့ဦးတည်
အခြေခံဥပဒေ အတည်ပြုမည်။